Bibliographic Data

Author	တိုက်စိုး Taik Soe Tuik‘ cui" **Art.** TS0001A
Article Title	ယဉ်ကျေးမှု အထိမ်းအမှတ်များ Myanmar Cultural Symbols Yañ‘ kre" mhu a thim‘" a mhat‘ mya¯"
Title (Book/Serial)	
Issue and Volume	
Edition	
Place/ Publisher	
Distributor	
Ed. Date	
Pagination	103 p.
Annotation	(1) Umbrella and parasol p. 7 - 11. (2) Thathika p.12 - 17. (3) Hintha (Brahmin Duck) p. 18 - 22. (4) Lotus p. 23 - 28. (5) Origins of the Buddha's images p. 29 - 33. (6) Kinnara (mythic bird with a human head and torso) p. 34 - 37. (7) Bronze drum p. 38 - 42. (8) Jatakamarlar painting p. 43 - 47. (9) Balupanzwe-ornamental motif p. 48 - 51. (10) The Buddha's Tooth - Relic p. 52 - 57. (11) Thihathana throne p. 58 - 63. (12) Rosary (Prayer Beads) p. 64 - 67. (13) Pounmagi p. 68 - 70. (14) Prayer p. 71 - 75 .(15) Pot stand p. 76 - 78. (16) Full moon Day of Kason and Three Sacred places p. 79 - 85. (17) Wathondri -Earth Goddess p. 86 - 89. (18) Wheel of Dhama p. 91 - 94. (19) Mother of Myanmar p. 95 - 106. Describes and analyzes symbols and icons within Burmese culture, explained with references, including religious icons such as images of Buddha, Buddha's tooth-relic, and the Wheel of Dhama.
Subject Terms	1. Culture symbolism 2. Religious art and symbolism 3. Mythology 4. Signs and symbols - Myanmar 5. Hintha-brahmin duck 6. Umbrella and Parasols 7. Lotus 8. Images, Buddha 9. Kinnara-mythical bird-male 10. Kinnari -mythical bird-female 11. Drums 12. Wathondri-earth goddess 13. Wheel of Dhama 14. Rosary 15. Pounmagj-nat 16. Yechansin-stand for a pot or pots of cool drinking water for travellers 17. Balupanzwe-ornamental motif 18. Throne
Key Words	culture, religion, mythology, signs, dhamma

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	နိဒါန်း	၅
၁။	ထီး	၇
၂။	သောတ္ထိက	၁၂
၃။	ဟင်္သာ	၁၈
၄။	ကြာ	၂၃
၅။	ဆင်းတုအာစ	၂၉
၆။	ကိန္နရာ	၃၄
၇။	ဖားစည်	၃၈
၈။	ဇာတကမာလာ ပန်းချီ	၄၃
၉။	ဘိလူးပန်းဆွဲ	၄၈
၁၀။	ဗုဒ္ဓအံတော်	၅၂
၁၁။	သီဟာသနပလ္လင်	၅၈
၁၂။	စိပ်ပုတီး	၆၄
၁၃။	ပုန်းမကြည်	၆၈
၁၄။	ဆုတောင်းခန်း	၇၃

နိဒါန်း

ရှေးက မုန်တိုင်ပင်ဆရာတော်သည် ခြင်္သေ့၊ ခရုသင်းကိုင် သိကြားရုပ် စသော အထိမ်းအမှတ်များ၏ ဇာစ်မြစ်ကို သုံးပုံတံချူကျမ်းတွင် ဖော်ပြခဲ့ဖူးလေသည်။ ယခုလည်း ခေတ်အလိုနှင့်လျော်ညီအောင် ထီး၊ ဟင်္သာ စသော အထိမ်းအမှတ်အချို့ကို မှတ်စုရေးသား ဖြည့်စွက်ထားပါသည်။ စာဖတ်သူများ ပိုမိုသဘောပေါက်စေရန် ရုပ်ပုံကြမ်းများနှင့် ရှေးဆက်ဆေ့လာနိုင်စေရန် စာအုပ်အကိုးအထောက်လည်း ထည့်သွင်းထားပါသည်။ ယခု စာအုပ်ငယ်ပြုစုရာတွင် ကူညီကြသော တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး ဦးသော်ကောင်း၊ အမျိုးသား စာကြည့်တိုက်မှူး ဒေါ်သန်းသန်းအေး၊ ဒေါ်မြမာလာနှင့် ဒေါ်ခင်မေတို့အား ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။

စာရေးသူ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၅။	ရှေ့အိုးစင်	၇၆
၁၆။	ကဆုန်လပြည့်နေ့နှင့် ၄၁နသုံးပါး	၇၉
၁၇။	ဝသုန္ဓရီ	၈၆
၁၈။	ဓမ္မစကြာ	၉၁
၁၉။	အမိမြန်မာပြည်	၉၅

၁။ ထီး

စေတီပုထိုးကဲ့သို့ သာသနိက အဆောက်အအုံများတွင် ထီးသည် အထွတ်အမြတ်နေရာ၌ ရှိလေသည်။ ရှေးမင်းတို့၏ အုပ်ချုပ်ရေး စနစ်တွင် ထီးသည် အချုပ်အခြာ အာဏာ သဘော ဆောင်လေသည်။

ဘီစီ ၂ ရာစုလောက်က အိန္ဒိယ၌ သာသနိက အဆောက် အအုံများ တည်ဆောက်ခဲ့ကြသည်တွင် ဆန်ချီ (အရပ်ရှိ) စေတီထူပါရုံများလည်း အပါအဝင်ဖြစ်လေသည်။ မူလက ထိုထူပါရုံများကို အသောကမင်းကြီး လက်ထက်တွင် တည် ဆောက်သည်ဟု အဆိုရှိလေသည်။ သို့ရာတွင် ထိုအဆောက် အအုံတို့မှာ နှစ်ကာလ ကြာညောင်း ပျက်စီးယိုယွင်းခဲ့သဖြင့် နှောင်းခေတ်လူများက ထပ်မံပြုပြင်ခဲ့ရလေသည်။ ဤသို့ပြုပြင် ခဲ့ရသော ပုံတွင်လည်း မူလသဘောလက္ခဏာများ မပျောက် မပျက်ရှိလေသည်။

ထိုထူပါရုံများတွင် ရှေးဦးစွာ "ပစ္စယာ"၊ ထို့နောက် "အဏ္ဍ"ခေါ် စက်ဝန်းတခြမ်းကိုယ်လုံး၊ ထို့နောက် "ဟာမိကာ" ခေါ် သေတ္တာသဏ္ဌာန် လေးထောင့်ဌာပနာတိုက်၊ ထို့နောက် "ဆတ္တာဝလိ"ခေါ် ထီးဟူ၍ အစိတ်အပိုင်းများ ရှိလေသည်။



ထူပါရုံအမှတ် ၁။ ဘီစီ ၁ ရာစု – အေဒီ ၁ ရာစု၊ ဆန်ချိဒေသ၊ အိန္ဒိယ။

ဘုရားဖူးများအဖို့ ပစ္စယာတလျှောက် လက်ယာရစ် ပဒက္ခိဏ ပထတက်၍ ဖူးမြော်နိုင်အောင် စကြံလုပ်ထားလေသေးသည်။

ဤဘွင် ဆတ္တဝလီသည် တရားဓမ္မစိုးမိုးခြင်းသဘောလည်း ဆောင်၏။ တဖန် စက်ဝန်းတခြမ်းကိုပင် မြင်းမိုရ်တောင်ကဲ့သို့ ထားကာ ဆတ္တဝလီကို အထက်ဘုံနန်းများအဖြစ် အနက်ယူလျှင်လည်း ရ၏။

စေတီပုထိုးများ၌ ဆတ္တဝလီ ထီးဆင့်ပုံရိုးရိုးကို မြန်မာနိုင်ငံ၌ သရေခေတ္တရာခေတ်လောက်က စတင်တွေ့ရပေသည်။ သရေခေတ္တရာ ခင်ဘားကုန်း၌ တူးဖော်ရရှိသော ငွေစေတီများတွင် ဆတ္တဝလီထီးဆင့်ထားပုံသည် ရှေးအိန္ဒိယမှပုံများနှင့် အတူတူပင် ဖြစ်လေသည်။ နောင်အခါမှ ထိုနေရာတွင် ဖောင်းရစ်၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်၊ ခရားသီး၊ ထီး၊ ငှက်မြတ်နား၊ စိန်ဖူးဟူ၍ အမွှမ်းအမံ အဆင်အပြင် တိုးတက်လာလေသည် ဖြစ်၏။

ရှေးမင်းတို့နှင့်ဆိုင်ရာ ထီးအကြောင်းကား ဤသို့ဖြစ်လေသည်။ ဘာဂဝတ ပုရာဏ်ကျမ်းကဲ့သို့ ရှေးအိန္ဒိယကျမ်းများအရ မင်းခမ်းမင်းနားများ၌ ဘုရင်များကို ထီးဖြူဆောင်းပေးလေ့ရှိကြောင်း သိရသည်။ သာဓကအားဖြင့် ၁၇ ရာစု အိန္ဒိယ အနောက်ဘက်ဒေသ၌ မင်းပြုသော ရှိဗားဂျီးသည် ဘိသိက်ခံပြီးသည့်နောက် မိမိကိုယ်ကို ဆတ္တပတိ(ထီးဆောင်းမင်း)ဟူ၍ သမုတ်ခဲ့ဖူးလေသည်။

အိန္ဒိယနည်းကို မြန်မာမင်းများကလည်း လက်ခံသုံးစွဲ၏။ ကျန်စစ်သားမင်းတရား၏ နန်းတော် မွန်ကျောက်စာတွင် နန်းတော်တည်ဆောက်သော အခမ်းအနား၌ ထီးဖြူစိုက်ထူ

သောအချက် ပါရှိလေသည်။ ဤသို့အားဖြင့်အိန္ဒိယနှင့်မြန်မာတို့ ခလေ့ထုံးစံ ကူးယှက်နေပုံသဘောသည် အနုပညာလက်ရာ အနုစာပေများတွင် ပေါ်လွင်နေပေသည်။ အာနန္ဒာဂူဘုရားအတွင်းရှိ ဗုဒ္ဓဝင်ရုပ်ကြွပုံများအနက် သုဒ္ဓေါဒနမင်းကြီးပုံကို ကြည့်ပါက ထီးဆောင်းလျက်တွေ့ရတတ်သည် ဖြစ်လေသည်။ တဖန် နိပါတ်တော်လာ ဇာတ်ဝတ္ထု အဋ္ဌကထာကို မြန်မာမှုပြုခဲ့သော အရှင်ဦးဩဘာသ၏ မဟာဇနကဇာတ်ဝတ္ထုတွင်–

.... ဘုရားလောင်းသည် သီဝလိဒေဝီမင်းသမီးကို လက်တော်ဖြင့်ဆွဲလျက် နန်းမဆောင်သို့ တက်တော်မူပြီးလျှင် ကြင့်နန်းထီးဖြူ စိုက်ထူဖြန့်မိုးအပ်သော ရာဇပလ္လင်ပေါ်၌ အတူယှဉ်ပြိုင် ထိုင်နေတော်မူလေ၏။

ဟူသောစာပိုဒ်မျိုးကို တွေ့ရမည် ဖြစ်လေသည်။

ဤသဘောသည် မြန်မာမင်းများ၏ခေတ် ကုန်ဆုံးချိန်အထိ တည်ရှိခဲ့လေသည်။ ၁၉ ရာစုခေတ်ရေး ကဗျာတပုဒ်ကို ကြည့်ပါလေ။ ထိုကဗျာတွင် မန္တလေးနေပြည်တော်ရှိ မြန်မာမင်းကို မင်းပေါင်းတရာက ရိုကျိုးပဏ္ဏာဆက်ရသည့် အနက်ပေါ်အောင် –

ထီးတရာပဏ္ဏာကျိုးပါတဲ့
မင်းနေမြို့ဌာနီ

စသောအပိုဒ်ကို ထည့်သွင်းစပ်ဆိုခဲ့လေသည်။ ထို့ကြောင့် နယ်ချဲ့လက်သို့ မြန်မာမင်းပါသွားသည့်အခါ မြန်မာ့အချုပ်အခြာ အာဏာဆုံးရှုံးသည့်အနေဖြင့် **ထီးကျိုးစည်ပေါက်**ဟူ၍ စကားတင်စား သုံးစွဲခဲ့ကြလေသည်။ ။

စာကိုး

၁။ ဦးဖေမောင်တင် (ဘာသာပြန်)။ **ကျန်စစ်သားမင်းတရားကြီး၏ နန်းတော် မှန်ကျောက်စာ**။ရန်ကုန်၊ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၅၇။

၂။ H. Goetz, *India: Five Thousand Years of Indian Art.* Bombay, Taraporevala Sons & Co., 1964.

၃။ D. Mac-Kenzie Brown, *The White Umbrella: Indian Political Thought from Manu to Gandhi.* Berkeley, University of California Press, 1958.

၂။ သောတ္ထိက

နေသည် အလင်းရောင်ကိုပေး၏။ နေသည် (လူ့အမြင်တွင်) ကမ္ဘာမြေပြင်ကို တနေ့မှတနေ့၊ တလမှတလ၊ တနှစ်မှတနှစ် မှန်မှန်လှည့်ပတ်ခြင်းအားဖြင့် ဩကာသလောက၊ သတ္တလောကကို ဖန်တီး၏။ ထို့ကြောင့် ရှေးလူတို့သည် နေကို တန်ခိုးရှင်အဖြစ် သတ်မှတ်ခဲ့တော့သည်။ နေသွားနေလာနှင့် အညီအညွတ်ရှိခြင်းသည်လည်း ကောင်းခြင်းမင်္ဂလာသဘော အဓိပ္ပာယ် ယူလာကြသည်။ ထိုမင်္ဂလာအထိမ်းအမှတ်ပုံသည် သင်္သကရိုက်အသံဖလှယ် ပါဠိဘာသာအားဖြင့် သောတ္ထိက (သု + အတ္ထိ + က = ချမ်းသာမှုရှိသည့်အရာ)ဟူ၍ တွင်လေသည်။

သောတ္ထိကပုံကို သုံးစွဲသူများကား ဘီစီ ၁၅၀၀ လောက်က အာရှအလယ်ပိုင်းမှ ယခုအခေါ် အိန္ဒိယဒေသသို့ ဝင်ရောက်လာခဲ့သော (သင်္သကရိုက်စကားပြော) အာရိယန်လူမျိုးများဖြစ်ကြလေသည်။ (ထိုသူများသည် ဥရောပတိုက်သို့လည်း ဝင်ခဲ့ကြသည်။) အိန္ဒိယသို့ ဝင်ရောက်လာခဲ့သော အာရိယန်တို့သည် ရှိရင်းစွဲတိုင်းရင်းသားတို့အပေါ် အောင်နိုင်ခဲ့၍ မြောက်ပိုင်း၊ အလယ်ပိုင်း၊ အရှေ့ပိုင်းပျံ့နှံ့ကာ မြို့ရွာတည်ထောင် မင်းပြုခဲ့ကြလေသည်။ နောင်သော် အိန္ဒိယရောက် အာရိယန် ယဉ်ကျေးမှုတွင် ဝေဒ (နတ်ဒေဝါကိုးကွယ်မှု၊ ရေ၊ မြေ၊ တော

တောင် ကိုးကွယ်မှု) အယူဝါဒသာမက ဗုဒ္ဓအယူဝါဒ၊ ဇိန (မဟာဝီရ)အယူဝါဒ၊ ဟိန္ဒူအယူဝါဒများ တိုးပွားလာကြလေသည်။ အာရိယန်အများလည်း ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းလာခဲ့ကြသည်။

ဤတွင် ဗုဒ္ဓဘာသာတို့၏ အစဉ်အလာကို ပြဦးအံ့။ ဗုဒ္ဓဘာသာဝင်တို့သည် စောစောက ဘုရားကိုယ်စားထူပါရုံပုံ၊ ခြေတော်ရာပုံ၊ ဗောဓိပင်ပုံ၊ ဓမ္မစကြာပုံတို့ကို ကိုးကွယ်ပူဇော်တတ်ကြလေသည်။ထို့နောက် ရုပ်ပွားဆင်းတုများကို ထုလုပ်ပူဇော်လာကြသည်။ ထိုအခါ သောတ္ထိကပုံကို မင်္ဂလာအထိမ်းအမှတ်အဖြစ် လိုအပ်သလို အထက်ပါ ဝတ္ထုပစ္စည်းများနှင့်တွဲ၍ ထည့်သုံးတတ်လေသည်။

အိန္ဒိယအလယ်ပိုင်း ဗိုပါးစီရင်စုတွင် ဘီစီ ၂ ရာစု၊ ၃ ရာစုလောက်က တည်ခဲ့သော ဆန်ချီထူပါရုံစေတီတော်များရှိ၏။



ဆန်ချီထူပါရုံ။ မုခ်ပေါက်လေးပေါက်။



ဗုဒ္ဓခြေတော်ရာ။ အေဒီ ၂ ရာစု၊ အမရာဝတီ၊ အန္ဓရဒေသ။

ထိုအထဲမှ စေတီတော်ကြီး အမှတ် ၁ သည် အခြေ၌ ပစ္စယာ အဆင့်ဆင့်ခံ၍ စက်ဝန်းတခြမ်းသဏ္ဌာန် တည်ထားလေသည်။ ထိုပုံသဏ္ဌာန်၏ ညီပြန့်သောထိပ်ပေါ်တွင် လေးထောင့်ဌာပနာ တိုက်(ဟာမိက) လည်းရှိ၍ ထိုဌာပနာတိုက်အလယ်တွင် ပိန္နဲ တိုင်စိုက်ထူကာ ထီး (ဆတ္တာဝလိ) တင်ထားလေသည်။ ထိုထူပါရုံစေတီတော်ကြီးကို အရန်တံတိုင်းက လေးဘက်လေး တန် ပတ်ရံထားလေသည်။ ထိုတံတိုင်းတွင်လည်း ဆယ့်ရှစ်ပေ ရှိသော မုခ်ပေါက်လေးပေါက်ရှိရာ မုခ်ပေါက်ဝ များသည် သောတ္ထိကသဏ္ဌာန် ဖြစ်နေလေသည်။

ပမာအားဖြင့် ဘုရားဖူးသည် အရှေ့ဘက်မုခ်ဝမှ ဝင်သည် ဆိုပါစို့။ ထိုအခါ ဘုရားဖူးသည် လက်ဝဲသို့ချိုး၊ တောင်ဘက် စင်္ကြံဆက်လျှောက်၊ ထို့နောက် လကျ်ာရစ်လမ်း (ပဒက္ခိဏ ပထ) အတိုင်း (ဝါ)နာရီသွားပုံအတိုင်း (ဝါ) နေလှည့်သည့် အတိုင်း ပစ္စယာအဆင့်ဆင့်ပတ်၍ ဘုရားပေါ်သို့ တက်ရလေ သည်။

အိန္ဒိယအလယ်ပိုင်း အန္ဓရဒေသ အမရာဝတီအရပ်တွင် အေဒီ ၂ ရာစုက ထုံးကျောက်ဖြင့် ထုလုပ်သော ခြေတော်ရာ ပုံသည် ရှိ၏။ ထိုခြေတော်ရာအလယ်တွင် ဓမ္မစကြာပုံ ပါလေ သည်။ ခြေဖနောင့်တွင်ကား သိရီဝစ္ဆပုံနှင့် သောတ္ထိကပုံများ ပါလေသည်။

ထို့အပြင် ဗုဒ္ဓသာသနာပျံ့နှံ့ရာ တိဗက်ပြည်ဘက်တွင် သောတ္ထိကပုံသည် ဘုရားဆင်းတုထိုင်ရာ ပလ္လင်ထက်၌ ပါတတ် ၍၊ တရုတ်ဘက် ဂျပန်ဘက်တွင် ဘုရားဆင်းတု၏ရင်ဘတ်၌ ပါ

တတ်လေသည်။ မြန်မာနိုင်ငံအတွက်ဆိုရသော် ဟန်လင်း(ပျူ) ဒင်္ဂါး မျက်နှာဘက်ရှိ သီရိဝစ္ဆပုံအစွန်းတွင် သောတ္ထိကပုံကို အစောဆုံး တွေ့နိုင်လေသည်။ ယခုခေတ်တွင်ကား အင်္ဂလိပ် ဘာသာ အတိုကောက်ဖြင့် ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းက သောတ္ထိကပုံကို အသင်းတံဆိပ်အဖြစ် သုံးလေသည်။



ဟန်လင်း (ပျူ) ဒင်္ဂါး။

ဤတွင် သောတ္ထိက မင်္ဂလာအထိမ်းအမှတ်ပုံကို အလွဲသုံးစွဲခဲ့ပုံ ဖော်ပြရန်ရှိလေသည်။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီက ဂျာမဏီနိုင်ငံတွင် နာဇီပါတီအာဏာရ၍ ပါတီခေါင်းဆောင် အဲဒေါ့ဟစ်တလာသည် အစိုးရခေါင်းဆောင် ဖြစ်လာခဲ့လေသည်။ ထိုနာဇီပါတီက ဂျာမန်လူမျိုးစစ်စစ်သည် အာရိယန် အဆက်အနွယ်များဖြစ်၍ အမျိုးမြတ်သည်၊ ရေမြေသခင်များ ဖြစ်သည်ဟု ကြွေးကြော် ခဲ့လေသည်။ သောတ္ထိက အထိမ်းအမှတ်ကိုလည်း နာဇီပါတီတံဆိပ်အဖြစ် သုံးစွဲခဲ့လေသည်။ ။

စာကိုး

၁။ ဦးအောင်သော်၊ "ပျူဒင်္ဂါးများ"၊ အမျိုးသား ယဉ်ကျေးမှု စာစောင်။ မှတ်-၁ (၁၉၆၂)၊ ၁၀၅–၁၁၂။

၂။ "Swastika", *The New Encyclopaedia Britannica. Micropaedia.* Vol. 9 (1974) pp. 712.

၃။ "Pradaksina". *The New Encyclopaedia Britannica Micropaedia.* Vol. 8 (1974) pp. 173.

၄။ Debala Mitra, *Sanchi*, 3rd ed. New Delhi, Archaeological Survey of India, 1973.

၅။ P. V. Bapat, "Svastika on the Images of the Buddha" *The Buddhist.* Vol. 25, No. 1 (May 1954), pp. 40-41.

၃။ ဟသ်ာ

ဟသ်ာငှက်သည် အာရှအလယ်ပိုင်း ရေအိုင်များ၌ ပေါက်ဖွားကြီးပြင်းလေသည်။ ငှက်ပုံစံမှာ အတောင်တွင် အနက်ပြောက်ကလေးများနှင့် အဖြူကွက် ရှိလေသည်။ သို့ရာတွင် နားနေသည့်အခါတွင် မမြင်နိုင်ပဲ ပျံသည့်အခါမှ မြင်နိုင်လေသည်။ ပျံပုံလှ၏။ အသံလည်း အလွန်သာ၏။

ထိုငှက်များသည် အောက်တိုဘာအကုန် ဆောင်းအဝင်ကာလတွင် အိန္ဒိယဘက်၊ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဘက်သို့ ပျံသန်းလာလေ့ရှိသည်။ အထူးသဖြင့် သန့်ရှင်းသည့် သဲသောင်ပြင်ကို ကြိုက်ကြသည်။ ဧရာဝတီနှင့်ချင်းတွင်းကဲ့သို့ မြစ်ကြီးများကမ်းခြေတွင် နားခိုနေတတ်သည်။ အိုင်များတွင် ကျက်စားသည်။

ဟသ်ာငှက်များသည် ဆောင်းဥတုတွင် နေထိုင်ရန်နေရာများကို ရွေးချယ်ပြီး အဖိုနှင့်အမ စုံတွဲလိုက် နေလေ့ရှိ၏။ စုံတွဲပေါင်း နှစ်ဆယ့်ငါးတွဲထက်ပို၍ မြင်ရခဲသည်။ ထို့နောက် မတ်လကျမှ နေရင်းဒေသသို့ ထွက်ခွာပျံသန်းလေ့ရှိသည်။

ဤကဲ့သို့ စုံတွဲရှိကြသော ဟသ်ာဖိုမ အကြောင်းတခုနှင့်စပ်၍ အောက်ပါ ရှေးမှန်မြန်မာသမိုင်းပုံပြင် ကောက်နုတ်ချက်တွင် တွေ့နိုင်လေသည် –

.......မြတ်စွာဘုရားသည် သထုံမြို့၌ တရားခုနစ်ရက် ဟောတော်မူပြီး... အနောက်မြောက်ထောင့်သို့ မျက်နှာ ရှေးရှုကြွတော်မူသည်တွင် ဟံသာကုန်းအရှေ့သို့ ရောက်သည်။ ....ဟင်္သာဖိုမ ကောင်းကင်သို့ ပျံ၍ အတောင်နှစ်ဘက်ယှက်လျက် ပူဇော်သည်ကို ဘုရားသခင် မြင်တော်မူ၍ ပြုံးတော်မူသည်။ ....အရှင် အာနန္ဒာ မြင်၍ 'ဘုန်းတော်ကြီးလှသော တရားမင်းဘုရား၊ အဘယ် အကြောင်းကြောင့် ပြုံးတော်မူသနည်း'ဟု လျှောက်ရာတွင် 'ချစ်သားအာနန္ဒာ၊ ထိုဟင်္သာဖိုမ ပျံဝဲသောအရပ်၌ ငါပရိနိဗ္ဗာန် ယူတော်မူသည့်နောက် အနှစ် ၁၃၆ နှစ်ရှိသောအခါ ဟံသာပြည်ကြီး ဖြစ်လတ္တံ့' ဟူ၍ ....ဘုရားသခင် ဗျာဒိတ်ပေးတော်မူသည်။ ....ဘုရားသခင် ဗျာဒိတ်ပေးတော်မူသည့် မြို့ဖြစ်သောကြောင့် သိကြားမင်းကိုယ်တိုင် စောင်မစီရင်သည်။ သက္ကရာဇ် ၅၁၄ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ ဟံသာကုန်းတွင် မြို့တည်ပြီးမှ ပဲခူးဟံသာ အမည်သမုတ်၍ သမလ၊ ဝိမလ ညီနောင်နှစ်ပါးတို့အား ပေးအပ်တော်မူသည်။

ဤကား မွန်လူမျိုးများနှင့် ဟင်္သာငှက် ဆက်စပ်ပုံတည်း။

ထိုဟံသာဝတီပြည် (ဟင်္သာတို့ပြည်)နှင့် ဟင်္သာငှက်သည် ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ လက်ထက်တွင် ဆက်စပ်မိပြန်လေသည်။ ထိုမင်းသည် ကုန်သည်ဈေးသည် ပြည်သူများအဖို့ အလေးတင်းတောင်း မူပဲကျပ်စသည် ....မှန်ကန်စွာ ရောင်းဝယ် သုံးဆောင်နိုင်ကြစေရန်

ဟင်္သာရုပ် အလေး ကြိုးငယ်တို့ကို သွန်းလုပ် ထုတ်ပေးတော်မူလေသည်။

ဟင်္သာငှက်သည် လောကီ လောကုတ္တရာရေးနှင့် ရောယှက်နေသည်ကို အထက်တွင်မြင်ရပြီ။ ဤတွင် မွန်မြန်မာဒေသသို့ ဗုဒ္ဓဘာသာအယူ၊ ဗြာဟ္မဏ၊ ဟိန္ဒူဝါဒအယူ စုံစုံရောက်ခဲ့သည် ဖြစ်ရာ ဟင်္သာနှင့်စပ်သော သာဓကအများရှိလေသည်။ ထပ်မံပြပါဦးအံ့။

ရှေးခေတ် အဆောင်အယောင် မင်းခမ်းတို့တွင် ဟင်္သာရုပ် ကွမ်းအုပ်တော် အထိမ်းအမှတ် ပြုလုပ်သုံးစွဲရိုး ရှိလေသည်။ အဓိပ္ပာယ်မှာ ငါးရာ့ငါးဆယ် အသီတိနိပါတ် စူဠဟံသ မဟာဟံသ ဇာတ်လာ ဘုရားအလောင်း ဟင်္သာမင်းကို မဆိုးကညွတ်ကျော့ကွင်းထောင်၍ ဗာရာဏသီမင်းကို ဆက်သည်တွင် ဟင်္သာမင်းမှာ ဝေဒနာကြောင့် ရွှေနှင့်တူသော အသား၊ ပတ္တမြား အရည်နှင့်ဘူသော သွေးရည် ယိုစီးနေသည်နှင့် မင်းကြီး သနားကရုဏာ ဖြစ်ကာ ပြုစုသိမ်းမွေးခြင်းကို စွဲ၍ အထိမ်းအမှတ် ထုလုပ်လေသည် ဟူ၏။

တဖန် ဘုရားကျောင်းကန်ရှိ တံခွန်တိုင်ထိပ်တွင် သစ်သား ဟင်္သာရုပ် ထုလုပ်ရိုး ရှိလေသည်။ ထိုအလေ့အထသည် ဤနိုင်ငံသာမဟုတ်၊ ရှေးခေတ်မွန်များ နေထိုင်ခဲ့ရာ ယိုးဒယား၊ လန်ဖွန်း မြို့ဘက်တွင်လည်း ရှိလေသည်ပင်။ ဟင်္သာရုပ် ထားသည့် အကြောင်းရင်းမှာ ငါးရာ့ငါးဆယ်တေရသနိပါတ်၊ ဇဝနဟံသဇာတ်လာ ဘုရားအလောင်းဟင်္သာမင်းသည် နေမင်းနှင့် အပြိုင် လျင်မြန်ပုံအစွမ်းပြရာက ဗာရာဏသီမင်းအား သေခြင်းတရားလျင်မြန်ပုံ ဟောပြဆုံးမသည်နှင့် မင်းကြီးကြည်ညိုပြုစုခြင်းကို စွဲ၍ အထိမ်းအမှတ် ထုလုပ်လေသည် ဟူ၏။

ဟင်္သာရုပ်ကွမ်းအုပ်တော်။ အေဒီ ၁၉ ရာစု၊ မန္တလေး။
အမျိုးသားပြတိုက်၊ ရန်ကုန်။ ၂

ဤသည်မှာ ဗုဒ္ဓဘာသာအစဉ်အလာမှ အနက်အဓိပ္ပာယ် ယူခြင်းဖြစ်လေသည်။ ဗြာဟ္မဏ ဟိန္ဒူအယူနှင့် ဟင်္သာငှက် ဆက်သွယ်ပုံ ဆိုရန်ရှိသေးသည်။ မွန်မြန်မာတို့ဒေသသို့ စော စော ကတည်းက ဗုဒ္ဓဘာသာ သာမဟုတ်၊ ဗြာဟ္မဏဟိန္ဒူ အယူလည်း ရောက်လာထွန်းကားခဲ့ဖူး လေသည်။ ဗြာဟ္မဏ ဟိန္ဒူအယူတွင် ဗြဟ္မာမင်းကြီးသည် ဩကာသလောကနှင့် သတ္တလောကကို ဖန်တီးသူဖြစ်လေသည်။ ဗြဟ္မာမင်းကြီး၏ ဇနီးမှာလည်း သူရဿတီနတ်သမီး ဖြစ်လေသည်။ ထိုနတ် သမီး၏စီးတော်ယာဉ်ကား ဟင်္သာပင် ဖြစ်သည်။ ထိုသူရဿတီ သည် စာပေပညာ၊ နူတ်မှုပညာများ စောင့်ရှောက်သည်ဟု လူအများ ယုံကြည်ကြသည့်အတိုင်း ဟင်္သာစီး သူရဿတီ ပုံသဏ္ဌာန်ကို ကိုးကွယ်တတ်ကြလေသည်။ ။

စာကိုး

၁။ ဆရာသိန်း၊ "ရှေးက အထိမ်းအမှတ် ပြုလုပ်ကိုးကွယ် ပူဇော်ကြ ခြင်းအကြောင်း"၊ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၊ ကရော ပြန်နှိပ်။ တွဲ ၄ (၁၉၁၄) စာ ၂၃၆ – ၂၄၅။

၂။ "သံလျင်ရာဇဝင်"၊ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်၊ ကရောပြန်နှိပ်၊ တွဲ ၅ (၁၉၁၅) စာ ၁ – ၂။

၃။ B. E. Smythies, *The Birds of Burma.* Oliver & Boyd, 1953.

၄။ Reginal Le May, *A Concise History of Buddhist Art in Siam.* Cambridge University Press, 1938.

၄။ ကြာ

ကြာပန်းသည် ပန်းချီ၊ ပန်းပု အနုသုခုမ လက်ရာများတွင် အဆင်တန်ဆာအဖြစ် လည်းကောင်း၊ ဂုဏ်ဝိသေသ ဆောင်သောကြောင့် လည်းကောင်း ပူးတွဲပါရှိတတ်လေသည်။

ကြာပန်း၏ ဂုဏ်ဝိသေသသည်လည်း ဤသို့ သမိုင်းစဉ်ဆက်လာပေ၏။

ယခု ပါကစ္စတန်နိုင်ငံရှိ အိန္ဒုမြစ်ဝှမ်းတွင် ရှေးနှစ်ပေါင်း ငါးထောင်ခန့် (ဘီစီ ၃၀၀၀) က မိုဟန်ဂျိုဒါရိုမြို့၊ ဟာရပ္ပမြို့များ ထွန်းကားခဲ့လေသည်။ မြို့နေများသည် အသားမည်း ဒရာဗီးဒီးယန် လူမျိုးများ ဖြစ်ကြသည်။ ထိုသူများကား တိုက်တာ ကျိုကြနှင့်အတူ လူနေမှု အဆင့်အတန်း မြင့်လှပေသည်။ ပမာဆိုသော် သူတို့သည် ချည်ထည်ကိုဆေးဆိုးသော အတတ်ကိုလည်း တတ်၏။ နီလာ၊ ကျောက်စိမ်း၊ သလင်း စသော တွင်းထွက် ကျောက်မျက်ရတနာတို့ကိုလည်း သုံး၏။ ကျွဲ၊ နွား၊ ကုလားအုပ်၊ ဆင် စသော တိရစ္ဆာန်တို့ကိုလည်း ယဉ်ကျေးအောင်မွေး၏။ အရုပ်စာကိုလည်းတီထွင်၍ အချင်းချင်းဆက်သွယ်မှုပြု၏။

သူတို့ ကိုးကွယ်ရာသည် ဘုမိဒေဝီပင် ဖြစ်လေသည်။ ပုံသဏ္ဍာန်အားဖြင့် ဆိုရပါမူ ရှေးဟောင်းသုတေသန ဌာန၏ တူးဖော်မှုအရ ပေါ်ထွက်လာသော ခါးကျယ်ကျယ် ရင်ပြည့်

ပြည့်နှင့် ကြာပန်းကိုဦးခေါင်းတွင်ပန်ထားသော အမျိုးသမီး ရုပ်ပင် ဖြစ်လေသည်။

ဘူမိဒေဝီ ဆိုသည့်ကိစ္စကို ရှင်းရပေဦးမည်။ လူတို့သည် မိမိတို့၏ ဘဝတည်ဘံ့ရေးအတွက် သူတို့နေထိုင်ရာ ရေမြေကို အားထားကြရသည်။ ရေမြေတည်းဟူသော မိခင်၏ ရင်ခွင်မှ သူတို့သည် စပါးရေစာကို စားသုံးကြရလေသည်။ ထိုရေမြေ ကိုပင် ပုဂ္ဂလဝိသေသပြုကာ နတ်မိခင်အဖြစ် သူတို့သည် ကိုးကွယ်ကြလေသည်။ ထိုကိုးကွယ်မှုသည် မိုဟန်ဂျိုဒါရိုဘက် တွင်သာမက၊ ခေတ်ပြိုင် အီဂျစ်ဒေသ၊ အဆီးရီးယားဒေသ ဘက်တွင်လည်း အလားတူရှိလေသည်ပင်။

ဘူမိဒေဝီသည် ရေမြေနှင့်ဆိုင်သည်မှာဖြင့် ဟုတ်ပေပြီ။ ကြာပန်းသည် မည်သို့ဆက်သွယ်နေပါသနည်း။ ဤအတွက် အက္ခရာစာပေ တင်လာသောခေတ်ကို ပြန်၍ ရည်ညွှန်းရန် လိုလေသည်။

ယခု အိန္ဒိယနှင့် ပါကစ္စတန်ဒေသများ၌ အက္ခရာစာပေ စတင်ခဲ့သည်မှာ အာရှအလယ်ပိုင်းနေ အသားဖြူအာရိယန် လူမျိုးများ ဝင်ရောက်လာပြီးသည့်နောက် နှစ်ပေါင်းအတန် ကြာကာလတွင် ဖြစ်ပေသည်။ သူတို့သည် ဒရာဗီးဒီးယန် များကို နှိမ်နင်း၍ သူတို့၏နယ်မြေများကို သိမ်းယူအုပ်ချုပ် ကြလေသည်။ ထိုအခါ သူတို့သည် ဒရာဗီးဒီးယန်တို့၏ ဓလေ့ ထုံးစံအချို့ကို သူတို့ပါရင်း ဓလေ့ထုံးစံများနှင့် ရောစပ်ကျင့် သုံးလာကြလေသည်။ သူတို့မှာ ပါရင်းဓလေ့ထုံးစံနှင့်ဆိုင် သော ဝေဒ (ဉာဏ်ပညာ) အမည်ရှိ မော်ကွန်းကဗျာများ လည်း ရှိလေသည်။

ထိုမော်ကွန်းကဗျာများတွင် သူတို့၏အစ သမိုင်းကြောင်းလည်းပါ၏။ သူတို့ကိုးကွယ်သည့် နတ်ဒေဝါများကိုဆုတောင်းသော ဂါထာများလည်း ပါပါ၏။ ထိုဝေဒ မော်ကွန်းကဗျာများကို အိန္ဒိယနှင့်ပါကစ္စတန်ဒေသများဘက်သို့ သူတို့ဝင်မလာမီကတည်းက သီကုံး ကျက်မှတ်ခဲ့ကြလေသည်။ နောင်သောအခါ အက္ခရာစာပေ တင်ခဲ့ကြတော့သည်။

ထိုဝေဒ မော်ကွန်းကဗျာများ၌ နှစ်အတန်ကြာမှ ထည့်သွင်းခဲ့သော နောက်ဆက်တွဲတွင် ဆိုထားသည်မှာ ဤလောက၏ အစမူလ (ယောနိ) သည် (ပွင့်ချပ်တထောင်ရှိ) ကြာပင်ဖြစ်လေသည်။ အလင်းရောင်ကိုမှီ၍ ကမ္ဘာ့ ကြာသည် ပွင့်အာလာလေသည်။ ကမ္ဘာ့ကြာမှ ဗြဟ္မာ၊ ဗြဟ္မာမှအခြား သက်ရှိသက်မဲ့များ ပေါက်ဖွားလာရပေသည်။ ထိုကြာကိုပင် ပဂ္ဂလဝိသေသပြု၏။ ကြာနတ်သမီး (ဝါ) သီရိနတ်သမီး (ဝါ) လက္ခမီ နတ်သမီးဟူ၍ အာရိယန်များက ကိုးကွယ်ကြလေသည်။ ထိုကြာနတ်သမီးကို လယ်ယာစိုက်ပျိုးရေးကဏ္ဍဘက်က နွားချေးခြောက်ပိုင်ရှင်မဟူ၍ ခေါ်ဝေါ်တတ်ကြလေသေးသည်။ အဓိပ္ပာယ်မှာ ကျွဲနွားလယ်ယာ ဥစ္စာစုနေဆောင်ပေးသူ၊ တနည်း ပြန့်ပွားခြင်း၊ အသက်ရှည်ခြင်း၊ ဥစ္စာတိုးတက်ခြင်း၊ ကျော်စောထင်ရှားခြင်း၊ ဂုဏ်ကျေးဇူးပေးသူ၊ မင်္ဂလာပေးသူဟူပေ၏။ ထို့ကြောင့် သီရိနတ်သမီးကို ကြာပန်းပေါ်၌ မတ်တတ်ရပ်နေပုံ ထုလုပ်တတ်ကြလေသည်။

ဤသို့ ကြာသည် တိုးပွားစည်ပင်သည့် အနက်၊ အဓိပ္ပာယ် မင်္ဂလာရှိသည့်အနက်၊ အဓိပ္ပာယ်ဆောင်လျက်ရှိရာမှ နောက်တဆင့် အဓိပ္ပာယ် ပွားလာခဲ့ပြန်သည်။ တဆင့် အဓိပ္ပာယ်ပွားလာပုံမှာ အိန္ဒိယ မဇ္ဈိမဒေသ၌ ဗုဒ္ဓဘုရား ပွင့်ပြီးသည့်

နောက်ကာလနှင့် ဆိုင်လေသည်။ ပါဠိတော် (ဘာသာပြန်) တွင် –

အနံ့ကောင်း၍ နှလုံးမွေ့လျော်ဖွယ်ရှိသော ကြာပုဏ္ဍရိက်သည် လည်းကောင်း၊ ပဒုမ္မာကြာသည် လည်းကောင်း၊ ရေ၌ပေါက်ရောက် ကြီးပွား သော်လည်း ရေနှင့်မှုကား မလိမ်းကျံသကဲ့သို့၊ ထိုအတူသာလျှင် မြတ်စွာဘုရားသည် လောက၌ဖြစ်၍ လောက၌နေတော်မူသော်လည်းလောကနှင့်လိမ်းကျံတော်မမူလေ။

ဟူ၍ ကြာနှင့်ဗုဒ္ဓကို နှိုင်းခိုင်းလေသည်။ တဖန် ပါဠိ အဋ္ဌကထာ (ဘာသာပြန်) တွင် ဘုရားငါးဆူပွင့်မည့် ပုဗ္ဗနိမိတ်အားဖြင့် ဤ ဘဒ္ဒကမ္ဘာ ပေါ်စအခါ၌ (သင်္ကန်း ပရိက္ခရာအစုံအလင်နှင့် တကွ) ကြာငါးပွင့် ပါလာသည်ဟု ဆိုလေသည်။ ထိုအခါ ဗုဒ္ဓသာသနာပျံ့နှံ့ရာ အိန္ဒိယ၊ တရုတ်၊ သီဟိုဠ်၊ မြန်မာ စသော အာရှနိုင်ငံ အသီးသီး၌ ဘုရား ဆင်းတုများကို ကြာပလ္လင်ပေါ်တွင် ထိုင်လျက်ဖြစ်စေ၊ ကြာပွင့် ပေါ်တွင် ရပ်လျက်ဖြစ်စေ၊ ကြာချပ်တွေ ဝိုင်းရံလျက်ဖြစ်စေ ထုလုပ်ကတ်ကြလေသည်။

ထိုနောက် သင်္ကာရိုက်ဗုဒ္ဓဝင်ဖြစ်သော လလိတဝိတ္ထာရ (ဘာသာပြန်)တွင် ဗောဓိသတ္တဘုရားလောင်းသည် မယ်တော်၏ ညာဘက်ခါးထက်မှ ဖွားမြင်၍ မြေပြင်သို့ ဆင်းသည့်အခါ မြေပြင်မှကြာပေါက်၍ ခံလာသည်ဟူ၍ ပါလေသည်။ ထိုအခါ ဖွားတော်မူခန်းပုံများတွင် ကြာပန်းပေါ်၌ ဗောဓိသတ္တဘုရားလောင်းမတ်တတ်ရပ်နေဟန် ရေးဆွဲထုလုပ်တတ်ကြလေသည်။ (အိန္ဒိယ) နာလန္ဒာ အရပ်မှ ရုပ်ကြွ၊ တိဗက် ဆေးရေးပန်းချီ၊ (မော်ဇာ) ရွှေညောင်ပင်ရိုးမှကျောက်ရုပ်ကြွ၊ (ပုဂံ) နန္ဒမညာ

(အနန္တပညာ) ဘုရားမှ ဆေးရေးပန်းချီသည် သာဓကများ ဖြစ်ကြလေသည်။

အဝလောကိတေသရဗောဓိသတ္တ။ အေဒီ ၁၁ ရာစု၊
အပယ်ရတနာဘုရား၊ ပုဂံ။

ထို့ပြင် မဟာယာဉ်ဂိုဏ်းလာ ဗောဓိသတ္တများကို ကြည့်ပါလေ။ ဗုဒ္ဓသာသနာတွင် ထေရဝါဒနှင့် မဟာယာဉ်ဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ရှိခဲ့ရာ မဟာယာဉ်ဂိုဏ်းက ဗောဓိသတ္တများသည် (ပါရမီဖြည့်၍ သတ္တဝါအချို့ကိုချွတ်ပြီးနောက် ပရိနိဗ္ဗာန်စံဝင်ရန်ထက်) သတ္တဝါတဦးတယောက်မကျန် ကယ်တင်ရန် စောင့်ဆိုင်း၍ လောကကို စောင့်ရှောက် နေသူများသာ ဖြစ်ကြသည်။ ပြယုဂ်အားဖြင့် အိန္ဒိယ၊ မြန်မာ၊ နီပေါ

စသောဒေသများတွင် တွေ့ရတတ်သော ကြာရိုး ကြာစွယ် ဝဲယာတွင်ထား၊ ဒူးတဘက်ထောင် ဒူးတဘက်ချ မင်းထိုင် ထိုင်နေသည့် အဝလောကိတေသရ ဗောဓိသတ္တပုံများ၊ ကြာရိုးကို လက်တဘက်တွင် ကိုင်လျက် မတ်တတ်ရပ်နေသည့် ပဒုမပါဏိ ဗောဓိသတ္တပုံများ ဖြစ်ကြလေသည်။

ဤသို့အားဖြင့် ကြာသည် သန့်ရှင်း စင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်းသဘော ဆောင်လာခဲ့လေသည်။ ။

စာကိုး

၁။ "၂-ဥဒါယိတ္ထေရဂါထာ (သောဋ္ဌသံနိပါတ်)"၊ **ထေရဂါထာ** ပါဠိတော် မြန်မာပြန်။ ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၆၀။

၂။ ဦးမြ။ အပယ်ရတနာလိုဏ်ဂူဖုရား၊ ဒု-နှိပ်။ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၇၄။

၃။ စွယ်စုံကျော်ထင်ကျမ်း။ ရန်ကုန်၊ ဇူဗ္ဗသယ၊ မ-၁၃၁၇။ ပုဏ္ဏာ ၂၆၃။

၄။ Ananda K. Coomaraswamy, *Elements of Buddhist Iconography.* Cambridge, Mass., Harvard University Press, 1935.

၅။ *Funk & Wagnalls Standard Dictionary of Folklore, Mythology & Legend.* N. Y., 1949-50. Vol II.

၆။ U Aung Thaw, *Historical Sites in Burma.* Rangoon, Ministry of Union Culture, 1972.

၇။ H. Zimmer, *Myths & Symbols in Indian Art & Civilization.* Princeton University Press, 1962.

၈။ Benjamin Rowland, *The Art & Architecture of India: Buddhist, Hindu, Jain.* Penguin Books, 1970.

၉။ E.J. Thomas, *Comp.* , *The Quest of Enlightenment.* London, Murray, 1950.

၅။ ဆင်းတုအစ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ကောသလ မင်းကြီးသည် ဘုရားရှင်ကို ကြည်ညိုလှသဖြင့် စန္ဒကူးရုပ်ပွား ထုလုပ်စေခဲ့ကြောင်း စကားစဉ်ရှိလေသည်။ ထိုစကားသည် မည်သည့်ကျမ်းဂန်တွင် ပါဝင်ပါသနည်းဟူ၍ မုံရွာရှင်သီရိမာလာက မုံရွေးဆရာတော် ရှင်အရိယာဝံသ အာဒိစ္စရံသီအား ပုစ္ဆာ (၉၇) အဖြစ် မေးလျှောက်လေသည်။

ထိုစကားမှာ ဝဍ္ဎင်္ဂုလိရာဇဇာတ်တွင်ပါဝင်ပေ၏။ သို့ရာတွင် ထိုဇာတ်မှာ ငါးရာ့ငါးဆယ်မှအလွတ်ဖြစ်သော လောကီယန်း ပဏ္ဏာသဇာတ်မှလာသောဇာတ်ဖြစ်သည်။ ထိုပဏ္ဏာသဇာတ်ကို သင်္ဂါယနာတင် ကျမ်းမျိုးတို့တွင် အရေအတွက် မဝင်သောကြောင့် လည်းကောင်း၊ ယွန်းတို့ တိုင်းပြည်မှဖြစ်သောကျမ်းဟူ၍ ဆရာ အစဉ်အဆက်တို့ ပြောဆိုကြသောကြောင့်လည်းကောင်း၊သဘောယုတ္တိတန်မတန်ချင့်မိ၍လည်းကောင်း ပညာရှိတို့ အမြတ်တနိုးမပြုကုန်ဟူ၍ ဆရာတော်က မှတ်ချက်ချလေသည်။

ဆရာတော်က အောက်ပါအတိုင်း မှတ်ချက်အဆုံး၌ ထပ်မံဖြည့်စွက်ပြန်လေသည်။

သင်္ဂါယနာဝင်ကျမ်းစုပ်မဟုတ်သော်လည်း ဘုရား
ကျေးဇူးတော်ဂုဏ်တော်နှင့်စပ်၍ အလေးအမြတ် ပြု

အပ်သော အရာဌာနသို့ ရောက်သောကာလ အလေး
အမြတ် ပူဇော်သက္ကာရ ပြုသင့်သည်ပင်ဖြစ်သည်။

ယွန်း (ဝါ) ဇင်းမယ်ပဏ္ဏာသသည် ခရစ် ၁၅-၁၆ ရာစု အတွင်း ဇင်းမယ်မြို့၌ပေါ် ပေါက်လာသောကျမ်းဖြစ်ပေသည်။ ထိုကျမ်းလာ ကောသလမင်း၏ စန္ဒကူးသားဆင်းတု ပြုလုပ်ကြောင်းကိစ္စကား တရုတ်ရဟန်းတော် အရှင် ဖာဟီယန်၏ မှတ်တမ်းတွင်လည်း ပါဝင်ခဲ့ပါလေသည်။

အေဒီ ၅ ရာစုတွင် တရုတ်ရဟန်းတော် အရှင်ဖာဟီယန် သည် အိန္ဒိယနှင့်သီဟိုဠ်သို့ ဘုရားဖူးကြွလေသည်။ ထိုရဟန်း တော်သည် ရေးစဉ် မှတ်တမ်းလည်း ထားရစ်ခဲ့လေသည်။ မှတ်တမ်း၌ ဖော်ပြသည်မှာ မြတ်စွာဘုရားသည် မယ်တော်မိ နတ်သားအား တရားဦးဟောရန် တာဝတိံသာ နတ်ပြည်၌ ဝါကပ်တော်မူလေသည်။ ထိုအတွင်း သာဝတ္ထိပြည့်ရှင် ကော သလမင်းကြီးသည် ဘုရားသခင်နှင့် ကွေကွင်း နေရသည်ကို သည်းမခံနိုင်သောကြောင့် စန္ဒကူးသားရုပ်ပွားတော်ကိုထုလုပ် ကိုးကွယ်လေသည်။ သီတင်းကျွတ်တွင် ဘုရား သခင်သည် လူ့ပြည်ကိုဆင်း၍ ဇေတဝန်ကျောင်းသို့ရောက်သော် ရုပ်ပွား တော်သည် ချက်ချင်း မိမိနေရာမှထ၍ ကြိုဆိုလေသည်။ ထိုအခါ ဘုရားသခင်က—

"အသင်ရုပ်ပွားတော်သည် နေမြဲတိုင်းနေရာ၌ နေတော်မူ လော့၊ ငါဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် အသင်ရုပ်ပွား တော်သည် လောကုတ္တရာ တရားကို ဆည်းပူးကြကုန်သော အမျိုးလေးပါး သတ္တဝါများ၏အကျိုးငှာ ငါဘုရားကိုယ်စား ဖြစ်လိမ့်မည်။"

ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။ ထိုအခါ ရုပ်ပွားတော်သည် နေမြဲနေရာ၌ပကတိအတိုင်း ပြန်၍နေတော်မူလေသည်။

ထို ရုပ်ပွားပုံမှာ ပထမဦးဆုံး ထုလုပ်သော ပုံတော်ပေတည်း။ နောင်လာနောက်သား လူအများသည် ထိုပုံတော်မှ ကူးယူထုလုပ်ကြရသည်။ ထို ပုံတော်သည်လည်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နှစ်ပေါင်းများစွာ စံပယ်ခဲ့လေ၏။ သို့ရာတွင် အရှင်ဖာဟီယန် ရောက်ချိန်၌ ဇေတဝန်ကျောင်းတော်သည် မီးသင့်လောင်၍ ထိုအစား ကျောင်းသစ်ဖြစ်နေခဲ့လေပြီ။ ရုပ်ပွားတော်မှာမူ မီးထဲတွင် မပျက်စီး။ ပကတိအတိုင်း ရှိခဲ့ပေ၏။ ထို့ပြင် ကျောင်းတော်သစ်တွင် ပြန်လည်စံပယ်ခဲ့လေသည်။ ရှင်ဖာဟီယန်ကိုယ်တိုင်ထိုကျောင်းသစ်သို့ ရောက်ခဲ့လေသည်။

မတ်ရပ်ဆင်းတု။ အေဒီ ၂ – ၃ ရာစု၊ ဂန္ဓာရပုံစံ၊ ကုရှန်ဒေသ။

ဤသည်မှာ ဘုရားသခင် လက်ထက်တော်၌ ရုပ်ပွားဆင်းတု ထုလုပ်ခဲ့ကြောင်း ၅ ရာစုခေတ် စာမှတ်တမ်း ဖြစ်လေသည်။

မတ်ရပ်ဆင်းတု၊ မထုရာပုံစံ။

စပ်မိ၍ဖော်ပြရသော် အိန္ဒိယနိုင်ငံရှိ ရှေးဟောင်းသုတေသနဌာနသည် သာသနိက ပစ္စည်းများကို အခါကာလ အားလျော်စွာ တူးဖော်သုတေသနပြုခဲ့လေသည်။ ထိုအခါ ဘုရားသခင်လက်ထက်၌ ထုလုပ်ခဲ့သော ရုပ်ပွားဆင်းတုများကိုကား မတွေ့ကြရ။ ထိုခေတ်တွင် ဘုရားတရား ကြည်ညိုသူများက ထုလုပ်သောဘုရားလောင်းဖွားတော်မူခန်း ကြာပန်းပုံ၊ ဗောဓိပင်နှင့် ပလ္လင်အောင်ခန်း ဗောဓိပင်ပုံ၊ ဘုရားရှင် တရားဦးဟောခန်း ဓမ္မစကြာပုံ၊ ပရိနိဗ္ဗာန်စံခန်း ထူပါရုံပုံတို့ကိုသာ တွေ့ခဲ့ကြလေသည်။ အိန္ဒိယအနောက်မြောက်ပိုင်း ဂန္ဓာရဒေသတွင်လည်းကောင်း၊ အိန္ဒိယ အလယ်ပိုင်း မထုရာ ဒေသတွင်လည်းကောင်း ရှေးဟောင်းသုတေသနဌာနက တွေ့ရှိခဲ့သော ရုပ်ပွား ဆင်းတုများသည် အေဒီ ၁ ရာစု လောက်ကဟူ၍ ခန့်မှန်းခဲ့ကြလေသည်။

စာကိုး

၁။ ရှင်အရိယာဝံသအာဒိစ္စရံသီ။ **သမန္တစက္ခုဒီပနီကျမ်း**။ ရန်ကုန်၊ ကာယသုခပုံနှိပ်တိုက်၊ ၁၉၆ဂ။ ပထမအုပ်။

၂။ Fa-hsien, *A Record of the Buddhist Countries.* Peking, Chinese Buddhist Association, 1957.

၃။ H. Saddhatissa, "Pali Literature of Thailand", *Buddhist Studies in Honour of I. B. Horner*; ed.by L. Cousins et al. (Dordrecht - Holland, D. Raidel Publishing Co., C. 1974) pp. 211-225.

၄။ D. Seckel, *The Art of Buddhism.* N. Y., Crown Publishers, 1964.

၆။ ကိန္နရာ

ကိန္နရာ ကိန္နရီတို့၏ ဇာတိမြစ်သည် အိန္ဒိယစာပေနှင့် အနုပညာတွင် ရှိ၏။

ဤတွင် ဟိန္ဒူပုရာဏ်ကျမ်းများ၏ အလိုအရ ဗြဟ္မာကြီးက ကိန္နရာ ကိန္နရီတို့ကို ဖန်ဆင်းခဲ့၍ သူတို့သည် ကေလာသတောင်နေ၊ ကုဝေရ (လောကပါလ) နတ်မင်းကြီးအပါးတွင် ခစားသူများ ဖြစ်ကြသည်။ သူတို့သည် ဆို က တီးမှုတ်၍ ပန်းမန်ပသ၍ ထိုနတ်မင်းကို ဖျော်ဖြေရိုကျိုးသူများ ဖြစ်ကြသည်။

တဖန် ဗုဒ္ဓဘာသာ စာပေများ၏ အလိုအရ ဟိမဝန္တာတောင်ခြေတွင် ကိန္နရာ ကိန္နရီများ ကျက်စား၍ ဆို့က တီးမှုတ်လျက် နေတတ်သူများ ဖြစ်ကြသည်။ ဘုရားသခင်နှင့် သိကြားအစရှိသော မြင့်မြတ်သူများကို ပန်းကပ်ကြည်ညိုသူများ ဖြစ်ကြသည်။ ဂေါတမ မြတ်စွာဘုရားနှင့် ပသေနဒီကောသလ မင်းကြီးတို့၏ ရှေးဘဝ ဘဝများတွင် ကိန္နရာဘဝ ကျင်လည်ခဲ့သော သာဓကများရှိလေသည်။

ရှိပုံမှာ ဘုရားအလောင်းအလျာသည် တရံတခါက စန္ဒကိန္နရာဟူ၍ ကိန္နရာဖိုဖြစ်ခဲ့ဖူး၏။ ထိုအခါ မယားဖြစ်သူ စန္ဒကိန္နရီမ (စန္ဒာ) နှင့်အတူ ဟိမဝန္တာတောင်ခြေကမ်းစပ်တွင် ကခုန် ပျော်မြူးနေရာမှ ဗြဟ္မဒတ် မင်း၏ မြားဒဏ်ခံရ၏။

ထိုနောက် မယားၡ၏ သစ္စာတန်ခိုးဖြင့် အနာပျောက်ကင်း အသက် ပြန်ရှင်ခဲ့ဖူးလေသည်။ တဖန် ကောသလမင်းသည် ရှေးဘဝတခုတွင် ကိန္နရာဖိုဖြစ်ခဲ့ရာ တညနေတွင် မယားဖြစ်သူ ကိန္နရီမနှင့်အတူ မြစ်တဘက်သို့ ကူး၏။ ထိုအခါ ကိန္နရာဖိုက တဘက်ကမ်းသို့ ရောက်သွားသော်လည်း မိုးရွာရေကြီးလာမှုကြောင့် ကိန္နရီမမှာ တဘက်တွင် ကျန်ရစ်၏။ လျှပ်ပြက်၍ တဦးကိုတဦး မြင်ရသည့်အခါ နှစ်ဦးသား ငိုကြွေးမိကြ၏။ သူတို့သည် နံနက်ခင်းလင်း၍ ရေကျသွားချိန်တွင်မှ ပြန်လည်ဆုံဆည်းမိတော့၏။ ဤသို့ သူတို့ တည ကွဲကွာခဲ့သည်ကို ပြန်ပြောင်း ပြောဆိုကာ ငိုလိုက်ရယ်လိုက်ရှိကြသည်မှာ အနှစ်ခုနစ်ရာ ကြာလေသည်ဟူ၏။

ကိန္နရာ ကိန္နရီတို့၏ ပုံသဏ္ဍာန်ကိုအကြမ်းအားဖြင့် လူကိုယ်နှင့် မြင်းမျက်နှာရှိသည်ဟူ၍လည်းကောင်း၊ ငှက်ကိုယ် ငှက်အတောင်နှင့် လူမျက်နှာ ရှိသည်ဟူ၍ လည်းကောင်း ဆိုင်ရာအဘိဓာန်များတွင် ဖော်ပြထားကြသည်။

ပထမ ပုံစံမျိုးကို ဘင်္ဂလားအရှေ့ပိုင်း ပဟာပူဘက်တွင် ရှေးဟောင်းသုတေသနဌာနက တူးဖော်ရရှိသော ရုပ်ထုများတွင် တွေ့နိုင်လေသည်။ ဒုတိယ ပုံစံမျိုးကို ဆန်ချီထူပါရှိ အမှတ် ၁ တုရိုဏ်တိုင်တွင် အကွက်ဖော်လျက်သား တွေ့နိုင်လေသည်။ ထိုဆန်ချီထူပါရှိ ပုံစံကား မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် ကျန်ရစ်သော သာရီရိက ဓာတ်တော်အချို့ကို ကုသိန္နာရုံရှိ မလ္လာမင်းတို့က ဝေစုရရှိကာ စေတီဌာပနာသွင်း၍ သဒ္ဓါကြည်ညိုစွာ ပူဇော်ခန်းဖြစ်လေသည်။ ထိုအခန်းတွင် ကိန္နရာ ကိန္နရီများသည် ပန်းမန် သယ်ဆောင်ပျံသန်းကာ စေတီပုထိုးကို ပူဇော်နေကြပုံ တွေ့နိုင်လေသည်။ တခုမှတ်ရန်

ရှိလေသည်။ ငှက်ကိုယ် လူမျက်နှာနှင့် ကိန္နရာပုံမျိုးကို အိန္ဒိယ ပြည်ပရှိ ယိုးဒယား၊ အင်ဒိုနီးရှား (သုဝဏ္ဏဒီပ)၊ မြန်မာ့ဒေသ၌ ရေးဆွဲထုလုပ်သော (ဗုဒ္ဓသာသနိကဆိုင်ရာ) ဆေးရေးပန်းချီနှင့် ရုပ်လုံး ရုပ်ကြွများတွင် အတွေ့ရများလေသည်။ မြန်မာ့အဖို့ ဆိုရသော် ပုဂံရှိ အပယ်ရတနာဘုရား၊ နန္ဒမညာဘုရား၊ အာနန္ဒာအုတ်ကျောင်း နံရံများတွင် ကိန္နရာ ကိန္နရီ ဆေးရေးပန်းချီများကို တွေ့နိုင်လေသည်။

စစ်ကိုင်းမြို့၊ တိလောကဂုရုလိုဏ်အရှေ့ဘက်။ စကြံအနောက်ဘက်နံရံ ဆေးရေးကိန္နရာ ကိန္နရီ။

စိတ်ဝင်စားစရာတခုကို ဖော်ပြရပေဦးမည်။ ဗုဒ္ဓဘာသာ စာပေများအနက် သသ်ကရိုက်ဘာသာရေး သုမနကုမာရ၊ (ဝါ) သုမနမင်းသားနှင့် မနော်ဟရီကိန္နရီမဝတ္ထု တခုရှိလေသည်။ ထိုဝတ္ထုမှာ အိန္ဒိယမှ သုဝဏ္ဏဒီပရောက်ကာ ဗောရော ဗုဓော စေတီနံရံတွင် ရုပ်ကြွဇာတ်လမ်းများအဖြစ် ပြန်လည်ဆန်းသစ်ခဲ့လေသည်။

ထိုဇာတ်သည် ယိုးဒယားနှင့် လောနိုင်ငံတွင် ဇင်းမယ်ပဏ္ဏာသ ဇာတ်ငါးဆယ်ဝင် ဇာတ်ထုပ်တခု ဖြစ်လာခဲ့လေသည်။ ထိုဇာတ်သည် မြန်မာနိုင်ငံသို့တဆင့်ကူးကာ မနော်ဟရီပျို့ဟူ၍ လည်းကောင်း၊ သုဇာပျို့ဟူ၍ လည်းကောင်း၊ ငွေတောင်ရကန်ဟူ၍လည်းကောင်း မြန်မာစာပေတွင် တိုးပွားလာခဲ့လေသည်။ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၌ကား ကိန္နရီမသည် ဒေါင်းမဘဝပြောင်းကာ ဇာတ်ထုပ်သစ်တမျိုး ဖြစ်လာခဲ့လေသည်။ ။

စာကိုး

၁။ ဦးဖိုးလတ်၊ "ကိန္နရာ"၊ **အမျိုးသားယဉ်ကျေးမှုစာစောင်**၊ မှတ် ၁ (၁၉၆၂)၊ စာ ၂၀ – ၂၄။

၂။ "ဒွေးမယ်နော်ဝတ္ထု"၊ **မြန်မာ့စွယ်စုံကျမ်း**။ တွဲ ၅ (၁၉၆၁) စာ ၃၄၃ – ၃၄၆။

၃။ "The Peacock Maiden", *Im Folk Tales from China*. 3 rd Series. Peking, Foreign Language Press, 1962. pp. 16-46

၄။ R. S. Panchanubhi, *Gandharvas & Kinnaras in Indian Iconography*. Dharwar, Kannada Research Institute, 1951.

၇။ ဖားစည်

ကြေးနက်စည်များကို လူတို့စတင်သုံးစွဲခဲ့သည်မှာ ဘီစီ ၆ ရာစုလောက်က ဖြစ်သည်ဟု ဆိုလေသည်။ ထိုစည်များမှာ နေရာဒေသကွဲပြားသည့်အလိုက် စည်ပုံပန်းချင်း အနည်းငယ် ကွဲပြားလေသည်။ အဆင်အပြင်လည်း ထို့အတူဖြစ်လေသည်။

ဆိုလိုသည်မှာ ထိုစည်များသည် အပေါ်ကားအောက်ရှုံး ဖြစ်သော်လည်း ကားပုံ၊ ရှုံးပုံချင်းလည်း နည်းနည်းကွာ တတ်ခြင်းပေတည်း။ ရံခါ တဘက်ပိတ်စည်ဖြစ်၍ ရံခါ နှစ်ဘက်ပိတ်စည်လည်း ဖြစ်တတ်သည်။

တဖန် အဆင်အပြင်နှင့် ပတ်သက်၍ စည်မျက်နှာပြင် အလယ်တွင် နေဝန်းဟုဆိုကြသော ပုံသဏ္ဍာန် ယေဘုယျပါ တတ်လေသည်။ မျက်နှာပြင်အစွန်းနှင့် ကိုယ်ထည်ဘက်တွင် ကား ဖားရုပ်များသာ ပါသည့်အခါလည်း ရှိ၏။ ခရုရုပ်များ သာ ပါသည့်အခါလည်း ရှိ၏။ ခရုရုပ်များ၊ ဆင်ရုပ်များ၊ နှုတ်သီးမော့ဘဲရုပ်များ ရောနှော ပါသည့်အခါလည်း ရှိ၏။

ကြေးနက်စည်များ စတင်သုံးစွဲရာဒေသသည် ယခုခေတ် ဗီယက်နမ်နိုင်ငံ၊ ဒုန်စွန်အရပ်ဖြစ်သည်ဟုဆိုလေသည်။ ထိုဒေသမှတဆင့်၊ ယူနန်ဘက်၊ မြန်မာ၊ ယိုးဒယား၊ လာအို၊ ကမ္ဘောဇ ဘက်၊ မလေးရှား၊ အင်ဒိုနီးရှား ဘက်သို့ ကြေးနက်စည် အသုံးပျံ့နှံ့သွားလေသည် ဖြစ်၏။

မြန်မာနိုင်ငံတွင် ၁၁ ရာစုကစ၍ ဖားစည်အသုံးပြုလာပုံကို ကျောက်စာ၊ မှတ်တမ်းများအရ သိရလေသည်။ သထုံပြည့်ရှင် မနူဟာမင်းကို လက်အောက်ခံများက ဖားစည်အပါအဝင် တူရိယာများ တီးမှုတ်၍ အရိုအသေ ပြုကြသည်ဟု ဆိုလေသည်။ (စကားချပ် – ထိုစည်မှာ နှစ်ဘက်ပိတ်စည်ဖြစ်၍ တကယ့်ဖားရေဖြင့် စည်မျက်နှာကြက်ထားသည်)။ တဖန် ကျန်စစ်သားက အိန္ဒိယရှိ ဗုဒ္ဓဂယာ့စေတီအတွက် ကုသိုလ်ပြုရာတွင် ရေကန်တူး၊ ဆီမီးထွန်းစေရုံမက ဖားစည်အစရှိသော တူရိယာများတီးမှုတ်ကခုန်၍ ပူဇော်စေသည်ဟုလည်း ဆိုလေသည်။

နောက်ပိုင်းခေတ်၌ ကြေးနက်ဖားစည်ကို ကရင်၊ ကယားလူမျိုးစုများ အသုံးများလေသည်။ ကုန်းဘောင်မင်းလက်ထက်တွင် ငွေတောင်မှ ပဗ္ဗတဒေဝရာဇာဘွဲ့ခံ ကြယ်ဖိုးကြီးအကြီးအကဲက ဆက်သစေသော လက်ဆောင်များ အနက် ဖားစည်လည်းပါလေသည်။ ထိုဖားစည် မျက်နှာပြင်အစွန်းနားတွင် အပြတ်အပဲ့ကလေးများ ရှိနေလေ၍ အဆက်အသလာသူများကို ဆိုင်ရာက အကျိုးအကြောင်း မေးမြန်းသည်တွင် ရှေးက အကြီးအကဲများသေလျှင် မယား ဆင် မြင်း လက်နက် အသုံးအဆောင်များပါ သဂြိုဟ်ရာ ထည့်ရပါသည်။ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရား လက်ထက်တွင် ဤအမှုကို တားမြစ်သဖြင့် ရှေးထုံးစံမပျက်အောင် စတိထည့်ရပါသည်။ ထိုအခါ သေသူ၏ မယားကိုယ်တစိတ်တပိုင်းဖြစ်သော ဆံပင်၊ လက်သည်း စသည်ကိုလည်းကောင်း၊ ဆင်မြင်းအစိတ်အပိုင်းဖြစ်သော နားရွက်ဖျား၊ အမွေးများကို လည်းကောင်း၊ ပစ္စည်းအစိတ်အပိုင်းဖြစ်သော အစွန်းအစရတန်သမျှကိုလည်း

ကောင်းထည့်ရပါသည်။ ထို့ကြောင့် ဖားစည်မှာလည်း အပြွတ်အပဲ့ပါရပါသည်ဟူ၍ ပြန်ဖြေလေသည်။

ဤတွင် ကယားဒေသနှင့်စပ်၍ –

ဖားအော်မှ မိုးရွာ
မိုးရွာမှ ငါးမော့
ငါးမော့မှ ရေကြီး
ရေကြီးမှ ဆင်ဆွဲ
ဆင်ဆွဲမှ သစ်ကျ
သစ်ကျမှ ပြည့်ဝ

ဟူသော ဆိုထုံးရှိလေသည်။ ထို ဆိုထုံးအရ ကယားတို့၏



ဖားစည်

စီးပွားရေးလုပ်ငန်းသည် ကျွန်းသစ်လုပ်ငန်း ဖြစ်လေသည်။ ဖြည့်စွက်ဆိုရသော် ကယားတို့၏ စီးပွားရေး လုပ်ငန်းသည် ဆန်စပါးလုပ်ငန်းလည်း ဖြစ်လေသည်။ ထို့ကြောင့် ကယား တို့သည် ဖားစည်ကို တီးခတ်၍ မိုးခေါ်လေ့ရှိ၏။ ဖားစည်သံ သည် ဖားများအုံအင်အော်လာရအောင် တက်ကြွစေသည်ဟူ ခေတ်ခံ့စမ်းသပ် တွေ့ရှိရလေသည်။

ထို့ပြင် ဒေသနေ ယင်းဘော်၊ ပဒေါင်၊ ပရဲ လူမျိုးစုတို့ သည် မိုးခေါ်သည့်အထိမ်းအမှတ်အဖြစ်ဖြင့် အုပ်စုနှစ်စုခွဲကာ လုံနှင့်ဒိုင်းကို အုပ်စုအလိုက်ကိုင်ကာ တိုက်ဟန်ခိုက်ဟန် ဟန် ရေးပြတတ်ကြလေသည်။ ထိုဟန်ပြတိုက်ပွဲတွင် ဖားစည်တီး ပေးရသည်။ တဖန် ကယား၊ ပရဲ၊ ယင်းဘော်တို့၏ အိမ်သစ် တက်ပွဲတွင် ဖားစည်ကို တီးတတ်ကြလေသည်။ ကရင်တို့အဖို့ ဆိုရလျှင်ကား အိမ်သစ်တက်ပွဲအပြင် နှစ်သစ်ကူးပွဲအချိန် တွင်လည်းကောင်း၊ နေကြတ် လကြတ်သည့်အချိန်တွင်လည်း ကောင်း၊ အသုဘအချိန်တွင် လည်းကောင်း တီးလေသည် ဖြစ်၏။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ဖားစည်၏ ပုံပန်းသည် အထက်ကားအောက်ရှူးဖြစ်၏။ ဖားစည်၏စက်ဝိုင်းသဏ္ဌာန် မျက်နှာပြင်၏ ဗဟိုတွင် ရောင်ခြည်ဖြာနေသော နေဝန်းပုံရှိ ၍ ထိုနေဝန်းကို လှိုင်းများက အထပ်ထပ် ရစ်ပတ်ထားသည် ဟု ဆိုလေသည်။ အချို့ကမူ ဗဟိုမှပုံမှာ နေဝန်းမဟုတ် ရေပွက်သာဖြစ်သည်။ ရေပွက်နှင့် ဆက်စပ်၍ လှိုင်းများ အထပ်ထပ် ထနေဟန်ရှိသည်ဟု တမျိုးဆိုကြလေသည်။

ဖားစည်တီးရန်အတွက် ကိုယ်ထည်အထက်ပိုင်းတွင် ချိတ် ဆွဲဖို့ ကွင်းငယ်နှစ်ကွင်း ပြုလုပ်ထားလေသည်။ ထိုကွင်းငယ်

များကို ကြိုးတန်း၍ ခြေမဖြင့်ညှပ်ကာ ထိန်းထားရသည်။ ထို့နောက် ဝဲလက်တွင် ဝါးတုတ်ပါးပါးတချောင်း၊ ယာဘက်တွင် လက်ခတ်ဘု တချောင်းဖြင့် တီးခတ်ရလေသည်။ ဝါးချောင်းဖြင့် သုံးချက်တီးပြီးနောက် လက်ခတ်ဘုဖြင့် တချက်ထုရသည်။ ရံဖန်ရံခါ တီးချက်ပြောင်း၍ တီးရသည်။ ကြာကြာတီးသော် ဖားစည်သည် ပူနွေးလာကာ သာယာစူးရှသော အသံထွက်လေသည်ဟူ၏။ ။

စာကိုး

၁။ **ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသား ယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံများ၊ ကယား။** ရန်ကုန်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ၁၉၆၇။

၂။ **ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာ ဓလေ့ထုံးစံများ၊ ကရင်။** ရန်ကုန်၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ၁၉၆၇။

၃။ ဦးမင်းနိုင်။ **ပြည်ထောင်စုအကပဒေသာ။** ရန်ကုန်၊ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၅၉။

၄။ **မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း။** ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၇၀။ တတိယပိုင်း။

၅။ တက္ကသိုလ်မောင်မောင်ကြီး။ **စာမျက်နှာ။** ရန်ကုန်၊ ကျုံပျော်စာပေ၊ ၁၉၆၄။

၆။ **Richard** Morrall Cooler, *The Karen Bronze Drums of **Burma:** the Magic Pond.* Cornell University, 1979.

၇။ **Gordon H.** Luce, *Old Burma - Early Pagan.* N.Y., **Artibus Asiae,** 1969. **Vol 1.**

၈။ **H. I.** Marshall, *The Karen People of Burma: a **Study in** Anthropology & Ethnology.* Columbus, Ohio **State University,** C. 1922.

၈။ ဇာတကမာလာ ပန်းချီ

ဆရာဦးသော်ဇင်သည် ဇင်းမယ်ပဏ္ဏာသ အကြောင်းကို နိဒါန်းရေးယင်း အိန္ဒိယ၌ သင်္သကရိုက်ဘာသာဖြင့် ဇာတကမာလာ ခေါ် ဇာတ်နိပါတ်ရှိသေးကြောင်းကို ဦးဦးဖျားဖျား ဖော်ပြခဲ့ဖူးလေသည်။ ထိုဇာတ်နိပါတ်မှာ ၃၄ ပုဒ်သာရှိ၍ အရိယသူရအမည်ရှိ စာဆိုကဝိက ပြုစုလေသည်။

ဇာတကမာလာသည် ခရစ် ၅ ရာစု၊ ၇ ရာစု တဝိုက်၌ အိန္ဒိယနှင့် အခြား အာရှတိုက်သား ဗုဒ္ဓဘာသာဝင်များအဖို့ အရေးပါခဲ့ဟန်တူ၏။ အကြောင်းမှာ အိန္ဒိယသို့ ပညာဆည်းပူးရန် ၇ ရာစု၌ရောက်လာသော တရုတ်ရဟန်းတော် အရှင်ယိကျင်၏ စာမှတ်တမ်းတွင် နာမည်ကျော် နာလန္ဒကျောင်းကြီး၌ ဇာတကမာလာကို သင်ရိုးစာအဖြစ် ပြဋ္ဌာန်းခဲ့သည်ဟူ၍ ဖော်ပြလေသောကြောင့်ပင်။

ဇာတက မာလာမှ ဇာတ်တပုဒ်ကို သာဓက ပြပါဦးအံ့။ တရံရောအခါ ဘုရားလောင်းသည် ဗြာဟ္မဏ အမျိုး၌ဖြစ်၍ အရွယ်ရောက်သောအခါ အတတ် ၁၈ ပါးကို သင်ကြားတတ်မြောက်လေသည်။ သူသည် ဥစ္စာပစ္စည်းလည်း ပြည့်စုံ၏။ အခြံအရံလည်းပေါများ၏။ သို့ရာတွင် ယင်းတို့ကိုမမက်မော။ အချိန်တန်သောအခါ လူ့ဘောင်ကိုစွန့်ခွာ၊ တောတောင်ကို ချဉ်း၍ တရားကျင့်လေသည်။ မကြာမီ ဘုရားလောင်း၏

ဂုဏ်သတင်းကြောင့် အရပ်လေးမျက်နှာမှ အမျိုးကောင်းသားများ လာရောက်ဆည်းကပ်၏။ ထိုသူများလည်း ဘုရားလောင်း၏ အဆုံးအမ၌ တည်လေသည်။

ထိုနေ့သ၌ အဇိတအမည်ရှိ တပည့်တဦးနှင့်အတူ ဘုရားလောင်းသည် တောတောင်ထဲတွင် လှည့်လည်သွားလာလေသည်။ ထိုစဉ် ဘုရားလောင်းသည် ချောက်ကမ်းပါးထဲ လိမ့်ကျနေသော ကျားမနှင့်ကျားငယ်သားသမီးများကို မြင်တွေ့လေသည်။

ကျားမမှာ အစာငတ်မွတ်နေ၍ အင်အားယုတ်လျော့နေလေသည်။ ထို့ကြောင့် ချောက်ကမ်းပါးကို လွတ်အောင်မခုန်နိုင်။ ထိုအတွင်း ကျားကလေးတွေကလည်း နို့ဆာ၍ တကျည်ကျည်အော်ကာ ကျားမကိုယ်ပေါ်တက်ကြသည်။မိခင်ကျားမမှာ အစာငတ်မွတ်လှ၍ သားသမီးကိုပင် စားချင်စိတ်ပေါ်လာ၏။ သို့ရာတွင် မစားရက်ဖြစ်နေ၍ အော်ဩသာ ကျားကလေးများကို ဖယ်ထုတ်လေသည်။ ဘုရားလောင်းလည်း ထိုအဖြစ်ကို လေ့လာမိပေသည်။ ကျားမမှာ အစာငတ်လွန်းသဖြင့် သားသမီးများကိုပင် မညှာနိုင်တော့ပဲ သတ်စားသော်အကုသိုလ်ကံ ဆိုက်လတ္တံ့ဟူ၍လည်း တွေးမိလေသည်။ဘုရားလောင်းသည် စိတ်ဆုံးဖြတ်လိုက်လေသည်။ ထို့နောက် တပည့်ဖြစ်သူ အဇိတကို ကျားမအတွက် သားငါးရှာစေရန်ပရိယာယ်ဖြင့် အဝေးကို စေလွှတ်လိုက်လေသည်။

ဤတွင် ဘုရားလောင်း၏ ဆုံးဖြတ်ချက်ကား အခြားမဟုတ်၊ ကျားမ၏အစာခံရန် မိမိကိုယ်ကို စွန့်လွှတ်တော့မည်ဟူသောဆုံးဖြတ်ချက်ပင် ဖြစ်လေသည်။

ဟော်ရိယုဂျိဘုရားကျောင်းနံရံယွန်းပန်းချီ။ နရာမြို့၊ ဂျပန်

ထိုဆုံးဖြတ်ချက်နှင့်အညီ ချောက်ကမ်းပါးပေါ် မှခုန်ချကာ အသေခံ လိုက်လေသည်။ ကျားမလည်း လူသား စားရ၍ အားအင်ပြည့်ဖြိုးကာ လွတ်ကျွတ်ရာသို့ ကျားကလေးများနှင့် အတူ ပြန်သွားနိုင်လေသည်။ နောင်သော် ကြည်ညိုသူတပည့် များက ဘုရားလောင်း၏ ကြွင်းကျန်ရစ်သော အရိုးများကို ပန်းနံ့သာတို့ဖြင့် ဖုံးအုပ်ပူဇော်ကြလေသည်။

ဤသည်မှာ ဇာတကမာလာမှ ဇာတ်တပုဒ်ဖြစ်လေသည်။ ထိုဇာတ်သည်လည်း အိန္ဒိယ၌သာမက ဗုဒ္ဓသာသနာပြန့်ပွားရာ အာရှအလယ်ပိုင်းဒေသ၊ တရုတ်၊ ဂျပန်ဒေသ၌ နာမည် ကြီးခဲ့ဟန်တူ၏။ ရှင်းပါအံ့။

အာရှအလယ်ပိုင်း ကုရှာဒေသသည် စိမ်းလန်းစိုပြည်၍ ရှေးခေတ်က ကုန်းလမ်းခရီးသည်များ တည်းခိုနားနေရာဖြစ်၏။ထိုဒေသတွင် ကျောက်ဂူများရှိလေသည်။ ထိုကုရှာဒေသမှ ကီဇီးအရပ်ရှိ ဂူနံရံတခုတွင် ဘုရားလောင်း ကျားစားခံပုံကို ကောက်ကြောင်းပန်းချီ ရေးဆွဲထားသည်မှာ ယနေ့ထက်တိုင် တည်ရှိလေသည်။ တဖန် ထိုခရီးမှ ဆက်လက်၍ တရုတ်ပြည် ဘက်သွားသော်ကား တရုတ်ပြည်သို့အဝင်တွင် တုံးဟွန်ဂူများ ကို တွေ့ရပေလိမ့်မည်။ ထိုဂူများတွင်လည်း ထိုဇာတ်ကိုဆေး ရောင်စုံခြယ်၍ တကွက်ပြီးတကွက် ပြထားသည်ကို မြင်နိုင် ပြန်လေသည်။ ဂျပန်ပြည်အတွက် ဆိုရသော် ဗုဒ္ဓဘာသာ ပစ္စည်းပေါများသော နရာမြို့တွင် ဟော်ရိယုဂျိဘုရားကျောင်း ရှိလေသည်။ ထိုဘုရားကျောင်းနံရံတခုတွင်လည်း ထိုဇာတ်ကို ယွန်းပန်းချီဖြင့် သရုပ်ဖော် ထားသည်မှာ အံ့သြဖွယ်ရာဖြစ် လေသည်။ ။

စာကိုး

၁။ Aryasura, *The Gatakamala (Jatakamala) or Garland of Birth-Stories.* Tr. by J. S. Speyer. Delhi, Motilal Vanarasidass, 1971.

၂။ Mary Cummings, *The Lives of the Buddha in the Art & Architecture of Asia.* Ann Arbor, University of Michigan, 1982.

၉။ ဘီလူးပန်းဆွဲ

ဘီလူးပန်းဆွဲဟူသည် ဘီလူးပါးစပ် တဘက်တချက်မှ ပုလဲလုံးများ အစီအရီတန်း၍ ထွက်လာပုံ၊ ခြူးပန်း ခြူးနွယ်များ တွဲရရွဲကျလာပုံ ပြုလုပ်ထုလုပ်ထားသော အမွမ်းအပြောက် အဆင်တန်ဆာ ဖြစ်လေသည်။

အထက်မြန်မာဒေသရှိ မြေစိုက်ဘုရားများမှခေါင်းလောင်းပုံအထက်နားဆီ ကြည့်ပါလေ။ ဘီလူးပန်းဆွဲ ပတ်နေသည်ကို တွေ့ရလိမ့်မည်။ ဂူဘုရားများမှ နံရံနဖူးစည်းနှင့် တံခါးမုခ်ဆီ ကြည့်ပါလေ။ ဘီလူးပန်းဆွဲ တန်းနေသည်ကို တွေ့ရလိမ့်မည်။ ယုတ်စွအဆုံး အာနန္ဒာဘုရားအတွင်းရှိ မယ်တော်မာယာ၏ ခါးဝတ်တန်ဆာ၌ပင် ဘီလူးပန်းဆွဲ အတင့်အတယ်ထည့်ထားသည်ကို တွေ့ရလိမ့်မည်။

မြန်မာ့ ဒေသအပြင်ကို ကြည့်ပါလေဦး။ အင်ဒိုနီးရှား၊ ကမ္ဘောဇ၊ ယိုးဒယား၊ အိန္ဒိယရှိ သာသနိကအဆောက်အအုံများ၏ တံခါးမုခ်တွင် ဘီလူးပန်းဆွဲ အဆင်တန်ဆာသည် ရှိနေသည်ပင်။

အမှန်စင်စစ် ဘီလူးပန်းဆွဲ၏မူလသည် အိန္ဒိယဒေသပင် ဖြစ်ပါ၏။ ထိုဘက်တွင် ဘီလူးပန်းဆွဲကို ကိတ္တိမုခ ဟုခေါ်လေသည်။ ကိတ္တိ = ကျော်စောခြင်း၊ မုခ = မျက်နှာ သို့မဟုတ် နှုတ်ခမ်းဟူ၏။

ထိုကိတ္တိမုခ၏ အနက်အဓိပ္ပာယ်သည်လည်း (ခန္ဓ - ပုရာဏ်ကဲ့သို့) ရှေးဗြာဟ္မဏ ဟိန္ဒူပုရာဏ်ကျမ်းများတွင် ပါပါလေသည်။ ပါပုံမှာ–

ဇလန္တရခေါ် အသူရာနတ်သည် ယောဂအကျင့်ကို ပြင်းစွာအားထုတ်ခြင်းကြောင့် တန်ခိုးသိဒ္ဓိများ ရရှိနေပေ၏။ ထိုကြောင့် တန်ခိုးကြီးလှသော သိဝနတ်ကိုပင် ပမာမခန့်ပြုလာ၏။ သိဝနတ်လက်ထပ်မည့် ပါဗ္ဗတီနတ်သမီးကို လိုချင်တပ်မက်ကာ စေလွှတ်အတောင်းခိုင်း၏။

ဘီလူးပန်းဆွဲ

သူစေလွှတ်လိုက်သူမှာကား ရာဟုနတ်ပင် ဖြစ်လေသည်။ ရာဟု၏တောင်းဆိုချက်ကို သိဝနတ်မင်းကြီး ကြားလိုက်ရသည်နှင့် တပြိုင်နက် သူ၏နဖူး အလယ်ခေါင်နေရာ (အာဇညာစကြ) မှ ဆင်ခေါင်းနှင့် နတ်ဘီလူးတကောင်ကို ဖန်ဆင်းလိုက်လေသည်။

ထိုဘီလူး၏ ဟိန်းသံကား မိုးချုန်းသံကဲ့သို့ဖြစ်၏။ မျက်လုံးသည် မီးကဲ့သို့ ရဲရဲပြောင်ပြောင် တောက်လောင်၏။ လည်

ဆံမွေးသည် စကြဝဠာတခုလုံးကို ပြန့်ကား၏။ သူကား အသားစားရန် ရမက်ပြင်းလှပေ၏။

ရာဟုနတ်သည် တုန်လှုပ်လာလေသည်။ ထို့ကြောင့် သိဝနတ်မင်းကြီးကို အသနားခံလေသည်။ သိဝနတ်မင်းကြီးမှာ မဟာကရုဏာရှင်ဖြစ်ပေသည်။ လောကကို စောင့်ရှောက်သူဖြစ်ပေသည်။ သူဖန်ဆင်းသော ဘီလူးသည်လည်း (ရာဟု) သားကောင်ကို မစားရတော့ပေ။ သို့ရာတွင် အစာလိုလေသည်။ ထို့အတွက် သူခြေသူလက်ကိုပင်စားရန် သိဝနတ်မင်းကြီးက အမိန့်ပေးလေသည်။ ဘီလူးလည်း အမိန့်အတိုင်း စားခဲ့ရာ ကိုယ်ကိုပင်မချန်နိုင်။ နောက်ဆုံး၌ ခေါင်းသာကျန်လေတော့၏။

သိဝနတ်မင်းကြီးသည်လည်း၊

– သင့်ကို ယခုမှစ၍ ကိတ္တိမုခဟုခေါ်တွင်စေ။ ငါ့တံခါး၌ အမြဲတမ်း သင်စောင့်ရှောက်ရမည် ဟု အမိန့်ပေးလေသည်။

ထိုအခါမှစ၍ ကိတ္တိမုခေါ် ဘီလူးပန်းဆွဲရုပ်သည် ဗြာဟ္မဏဘာသာလာ နတ်များအနက် တဦး အပါအဝင် ဖြစ်သော သိဝနတ်ဂူဘုရား တံခါး ထုပ်တို့တွင် အနုပညာ အဆင်တန်ဆာဖြစ်လာ၏။ နောင်အခါ မည်သည့် ဗြာဟ္မဏ ဟိန္ဒူဂူဘုရား၌မဆို အဆင်တန်ဆာအဖြစ်လည်းကောင်း၊ ဘေးအန္တရာယ်ကို ကာကွယ်နိုင်သော အထိမ်းအမှတ်အဖြစ် လည်းကောင်း ပါဝင်လာ၏။

ထိုပြာဟွာ ဟိန္ဒူအဆင်တန်ဆာကို ဗုဒ္ဓ သာသနိက အဆောက်အအုံများ ပစ္စည်းများတွင်လည်း သုံးစွဲလာခဲ့လေသည်။ ။

စာကိုး

၁။ ဦးအောင်သော်၊ 'ဘီလူးပန်းဆွဲ'၊ ယဉ်ကျေးမှုစာစောင်၊ တွဲ ၃၊ မှတ် ၆၊ (ဇန္နဝါရီ ၁၉၆၀)၊ စာ ၄၄-၄၆။

၂။ H. Zimmer, *Myths and Symbols in Indian Art and Civilization.* Princeton University Press, 1962.

Click Here To Continue Page

၁၀။ ဗုဒ္ဓအံတော်

ဗုဒ္ဓမြတ်စွာဘုရားသည် သက်တော် ၈၀ တွင် ကုသိနာ္ရုံ မြို့၌ ပရိနိဗ္ဗာန်ပြုလေသည်။ လူမင်းနတ်မင်း ပြည်သူအပေါင်း သည်လည်း ကျန်ရှိသော သရီရဓာတ်တော်တို့ကို မိမိတို့အရပ် ဒေသသို့ ပင့်ဆောင်ကိုးကွယ်ကြလေသည်။ ထိုအခါ ဓာတ် တော်တို့သည် အရပ်ရပ်သို့ ရောက်လေသည်။

ထိုအထဲတွင် စွယ်တော်လေးဆူပါလေသည်။ စွယ်တော် တဆူကို တာဝတိံသာနတ်တို့သည်လည်းကောင်း၊ တဆူကို နဂါးမင်းသည်လည်းကောင်း၊ တဆူကို ကလိင်္ဂမင်းတို့ တိုင်း ပြည်တွင်လည်းကောင်း၊ တဆူကို ဂန္ဓာရတိုင်းပြည်တွင်လည်း ကောင်း ကိုးကွယ်ပူဇော်ကြသည်ဟု သုတ်မဟာဝါနှင့် ဗုဒ္ဓဝင် ပါဠိတော်၌ ဆိုလေသည်။

ဂန္ဓာရတိုင်းရောက် စွယ်တော်အကြောင်းကို သတ်သတ် ဖော်ပြရဦးမည်။

ဂန္ဓာရတိုင်း၊ ကသ္မီရတိုင်း၊ ဥဒျာနတိုင်းတို့သည်လည်း ယခုခေတ် အာဖဂန်နစ္စတန်အရှေ့ပိုင်းနှင့် ပါကစ္စတန်အနောက် မြောက်ပိုင်း နယ်မြေများတွင် ပါဝင်နေကာ ရေမြေချင်း ဆက်စပ်လျက်ရှိလေသည်။ ရှေးတရုတ်နှင့် ဂျပန်မှတ်တမ်း များ အလိုဆိုရသော် ဥဒျာနတိုင်းနေ ရဟန်းတပါးသည်

ဂန္ဓာရ၊ ဥဒျာနတိုင်းဆောက် စွယ်တော်ကို ခိုတန်တိုင်းပြည်သို့ လျှို့ဝှက်စွာ သယ်ဆောင်သွားလေသည်။

ခိုတန်အပါအဝင် အာရှအလယ်ပိုင်းဒေသမှ တရုတ် ဂျပန် ကဲ့သို့ အာရှအရှေ့ပိုင်း ဒေသအထိ နေရာဒေသများသည် အေဒီ ၁ ရာစုမှ ၇ ရာစုကာလများအတွင်း ဗုဒ္ဓဘာသာ ထွန်းကားရာ အရပ်ဒေသများ ဖြစ်နေကြသည်။ ထိုအခါ တရုတ်ရဟန်းတော် ဖာဟီယန်သည် သာသနိက အဆောက် အအုံများ လှည့်လည်ကြည့်ညိုရန် မဇ္ဈိမဒေသသို့ အသွား ခိုတန်သို့ ဝင်ရောက်လေသည်။ သို့ရာတွင် အခက်အခဲကြုံတွေ့၍ ခရီးမဆက်ဖြစ်။ (စကားချပ်—ထိုဖာဟီယန်ကား မဇ္ဈိမဒေသ နှင့် သီဟိုဠ်ကျွန်း ရောက်ခဲ့သော နာမည်ကျော် ကျမ်းပြု ပုဂ္ဂိုလ် ဖာဟီယန်နှင့် တခြားစီ ဖြစ်လေသည်။) ဖာဟီယန် သည်လည်း ခိုတန်ရှိ စွယ်တော်ကို တရုတ်ပြည် နန်ကင်းမြို့သို့ ပင့်ဆောင်သွားပြန်လေသည်။ နန်ကင်းတွင် စွယ်တော်သည် နှစ်အတန်ကြာ ကိန်းဝပ်ခဲ့၍ နောင်သော် ပြည်တွင်းရေး အရှုပ်အထွေးကြောင့် နေရာအဆင့်ဆင့် ပြောင်းခဲ့လေသည်။

ဤသည်မှာ ရှေးတရုတ်နှင့် ဂျပန် မှတ်တမ်းများလာ အချက်အလက်များ ဖြစ်လေသည်။ ခေတ်သစ်သမိုင်းနှင့် ဆက်စပ်ဆိုရသော် ၁၉၀၀ ပြည့်နှစ်တွင် နယ်ချဲ့နိုင်ငံခြား စစ်တပ်များသည် တရုတ်ပြည် ပီကင်းမြို့တော်ကို ဝိုင်းဝန်း တိုက်ခိုက်ကြလေသည်။

အတိုက်အခိုက်ကြောင့် ပီကင်းမြို့အနီး အနောက်ဘက် တောင်တန်း၌ တည်ရှိသော ဘုံဆယ်ဆင့်—ရှစ်မြှောင့် ပုံ သဏ္ဌာန်နှင့် စေတီတော် ပျက်စီးသွားလေသည်။ ထိုစေတီ ကား အုတ်နံရံတွင် ဘာသာရေးစာများ၊ စေတီပုံများ

စွယ်တော်ကြုပ်

ထုထွင်းတန်ဆာဆင်ထားလေ၍ "ဗုဒ္ဓ ရုပ်စုံ တထောင်စေတီ" ဟု အမည်တွင်သော စေတီပေတည်း။

စေတီအနီးရှိ လင်ကွမ်ဘုန်းကြီးကျောင်းမှ ရဟန်းတော်များသည် စေတီမှ ပြိုကျသော အုတ်ခဲ ကျောက်ခဲများကို တူးဆွကြည့်ရာ စကြာပုံသဏ္ဌာန်ကျောက်အဖုံးတခုနှင့် ထိုအဖုံးပေါ်တွင် 'ယေဓမ္မာ ဟေတုပ္ပဘဝါ' အစချီ (၇ ရာစုခေတ်) သင်္သကရိုက်ဘာသာနှင့် ဂါထာစာကြောင်းကို တွေ့ကြရလေသည်။ ထိုဂါထာမှာ အခြားမဟုတ်။ ရှင်သာရိပုတ္တရာလောင်းဖြစ်သော ဥပတိဿကို ရှင်အဿဇိက ဟောသော တရားဖြစ်လေသည်။

မြန်မာပြန်ရသော်–

> "အကြင်တရားတို့သည် အကြောင်းလျှင် အမွန်အစရှိကုန်၏။ ထိုတရားတို့၏ အကြောင်း ကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအကြောင်းတရားတို့၏ အကြင်ချုပ်ခြင်းသည် ရှိ၏။ ထိုချုပ်ခြင်းကိုလည်း မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ မြတ်သောရဟန်းကြီးသည် ဤသို့ အယူရှိ၏"

ဟူ၍ ဖြစ်လေသည်။ ထိုဂါထာကို ပါဠိ၊ သင်္သကရိုက်ဘာသာတခုခုဖြင့် ဗုဒ္ဓဘာသာရောက်ရာနေရာတိုင်းတွင် ဂိုဏ်းဂဏမရွေး တွေ့နိုင်လေသည်။

တဖန် ကျောက်အဖုံးနှင့် အတူ ကျောက်သေတ္တာငယ်တခုကို ထိုရဟန်းတော်များ တွေ့ကြရပြန်လေသည်။ ထို့ကြောင့် ကျောက်သေတ္တာကို ဖွင့်ကြည့်ရာ အတွင်း၌ စန္ဒကူး

သား သေတ္တာငယ်ကို တွေ့ကြရသည်။ စန္ဒကူးသား သေတ္တာငယ်၌ သကျမုနိဗုဒ္ဓ၏ မြတ်စွယ်တော်ဟူသော စာတမ်းထိုးထား၏။ အတွင်းကို ကြည့်ကြသော်ကား ပိုးစဖြင့် ထုပ်ထားသော အရှည်နှစ်လက်မခန့်၊ လုံးပတ် နှစ်လက်မခန့်ရှိ ဗုဒ္ဓအံသွားတော် ပေါ်လာတော့သည်။ ထိုအံတော်သည် ၁၉၅၅ ခုနှစ်ဦးတွင် တရုတ်ပြည် ဗုဒ္ဓ ဘာ သာ အ ဖွဲ့ နှင့် လင်ကွမ်ဘုန်းကြီးကျောင်းတို့ သဘောတူညီချက်ဖြင့် ပီကင်းမြို့တွင်းရှိ ကွမ်ချီဘုန်းကြီးကျောင်းသို့ ရောက်ရှိခဲ့လေသည်။

ထိုအံတော်နှင့် စပ်၍ မြန်မာတို့ဘက်ကို ဆိုရဦးမည်။ ဗုဒ္ဓအံတော်သည် တရုတ်ပြည်၌ ကိန်းဝပ် နေကြောင်းကို ရှေးပဝေဏီကတည်းက မြန်မာတို့ ယုံကြည်ခဲ့ကြလေသည်။ ထို့ကြောင့် အနော်ရထာ၊ အလောင်းစည်သူ စသော ပုဂံခေတ်မင်းတို့သည် အံတော်ကို ဖူးမြင်လိုစိတ် ပြင်းပြခဲ့ကြသည်။ သို့ရာတွင် မအောင်မြင်ခဲ့။

မျက်မှောက်ခေတ် မြန်မာတို့မှာမူ ထိုအံတော်ကို ဖူးမြော်ရန် အခွင့်ကြုံကြိုက်ခဲ့ကြလေသည်။ ကြုံကြိုက်ပုံမှာ ၁၉၅၅ ခုနှစ် ဧပြီလအတွင်း၌ တရုတ်ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ရောက်ရှိလာ၏။ ထိုအခါ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က အံတော် ဖူးမြော်လိုကြောင်း တင်ပြခဲ့လေသည်။ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့၏ ဆန္ဒကို တရုတ်ပြည် ဗုဒ္ဓဘာသာအဖွဲ့နှင့် တရုတ် ဝန်ကြီးချုပ် ချူအင်လိုင်း တို့ကလည်း သဘောတူ ခဲ့လေသည်။ ထို့ကြောင့် ထိုနှစ် အောက်တိုဘာလထဲတွင် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်ခေါင်းဆောင်သော မြတ်စွာဘုရား အံတော်ပင့်အဖွဲ့သည် တရုတ်ပြည် ပီကင်းမြို့သို့ သွားရောက်၍ အံတော်

ပင့်ဆောင်ပြီးလျှင် ကမ္ဘာ့အေး မဟာပါသာဏလိုဏ်ဂူအတွင်း၌ ခြောက်လတာမျှ ပြသထားလေသည်။ ရှင်လူအများလည်း သွားရောက်ပူဇော်ခဲ့ကြသည်။ တဖန် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့၏ မေတ္တာရပ်ခံချက်အရ တရုတ်ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ ချောင်းပူချူးက အံတော်ပွား လုပ်ပြီးလျှင် ရန်ကုန်သို့ ပင့်ဆောင်လာပြန်၏။ ထိုအံတော်ပွားသည်လည်း ရန်ကုန်တွင် ခေတ္တဂိန်းဝပ်ခဲ့၏။ ထို့နောက် မြစ်ကြီးနား တောင်တန်း သာသနာ့ပြုအဖွဲ့၏ စီစဉ်ချက်အရ ၁၉၅၉၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပသော အောင်တော်မူ သကျမာရဇိန်စေတီတော် ထီးတင်ပွဲ၌ အံတော်ပွားကို ဌာပနာခဲ့လေသည်။

စာကိုး

၁။ မြန်မာ နိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၏ သမိုင်းနှင့် ဦးသိမ်းမောင်၏အတ္ထုပ္ပတ္တိအကျဉ်း။ ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၇၂။

၂။ *The Buddha's Tooth-Relic in China.* Peking, Chinese Buddhist Association 1961.

၁၁။ သီဟာသနပလ္လင်

ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်သို့ တဦးတယောက်သည် ဝင်လိုက်သည်ဆိုအံ့။ ဝင်ဝင်ချင်း သီဟာသနပလ္လင်ကို မြင်တွေ့ရလိမ့်မည်။

ဤသည်မှာ မြန်မာမင်းတို့ နန်းတော်၌ရှိခဲ့သော ရာဇပလ္လင် ကိုးခုအနက် ယခုတိုင်ကျန်ရှိနေသေးသော ပလ္လင်ပေတည်း။

ရှေးက နန်းတော်တွင် ရာဇပလ္လင်ကိုးခုရှိသည်။ ပလ္လင်ခံအရုပ်များကို အစွဲပြု၍ ဟံသာသနပလ္လင်၊ ဘမရာသနပလ္လင်၊ ဂဇာသနပလ္လင်၊ သီဟာသနပလ္လင် စသည်ဖြင့် ခေါ်ဝေါ်ရိုးရှိလေသည်။ ယခုဆိုအံ့သော သီဟာသနပလ္လင်မှာ ခြင်္သေ့ခံပလ္လင်ဖြစ်၍ ထိုအမည်တွင်၏။ ခြင်္သေ့မှာလည်း မြန်မာတို့အဖို့ ရဲရင့်ခြင်း၊ အကြီးအအုပ်ဖြစ်ခြင်း သဘောကို ဆောင်၏။ ထို့ကြောင့် ရှိခဲ့သမျှသော ရာဇပလ္လင်များအနက် ထိုရာဇပလ္လင်မှာ အနက်အဓိပ္ပာယ် ထူးထူးခြားခြားရှိသည်ဟု ဆိုနိုင်လေသည်။

ထူးထူးခြားခြားအနက်အဓိပ္ပာယ်ရှိပုံကို ရာဇပလ္လင်ထားရာ နန်းတော်ဆောင်နှင့်အပ်၍ကြည့်သော် ပို၍ ပေါ်ပေလိမ့်မည်။ သီဟာသနပလ္လင်သည်နှစ်ခုရှိပေ၏။ တခုသည်မြေနန်းပြာသာဒ်၌ ရှိ၍၊ ကျန်တခုသည် လွှတ်တော်၌ ရှိလေသည်။ မြေနန်း

ပြာသာဒ်ရှိရာ ရာဇပလ္လင်တွင် မင်းမိဖုရား နှစ်ပါးထိုင်၍ နှစ်သစ်ကူးကာလ၊ ဝါဝင်ကာလ၊ ဝါထွက်ကာလဟူ၍ တနှစ်လျှင် သုံးကြိမ်ကျ မင်းညီမင်းသား၊ စော်ဘွားမှူးမတ်တို့ အကန်တော့ခံမြဲ ဖြစ်လေသည်။ လွှတ်တော်ရှိရာ ပလ္လင်တွင်မူ မင်းကေရာဇ် ထိုင်၍ တရားစီရင်ရလေသည်။ မင်းကေရာဇ် မလာသော် မင်းကေရာဇ်ကိုယ်စား အိမ်ရှေ့မင်းသား၊ လွှတ်တက်မင်းသား၊ လွှတ်တော်ဝန်ကြီးစသည်ဖြင့် တရားစီရင်ရလေသည်။ ထို့ကြောင့် မြေနန်းပြာသာဒ်နှင့် လွှတ်တော်ရှိ သီဟာသနပလ္လင် နှစ်ခုစလုံးသည် မင်း၏ အချုပ်အခြာအာဏာသဘောကို ဆောင်လေသည်။ သီဟာသနပလ္လင် လုပ်ဆောင်ထားပုံကလည်း ဤသဘောကို အထူးလေးနက်စေလေသည်။

ရာဇပလ္လင်ကို ပြန်ကြည့်လိုက်ပါလေ။ ရာဇပလ္လင် ဥကင်တိုင်နှစ်ခု အထက်အောက်တွင် စတုမဟာရာဇ် နတ်မင်းကြီး လေးပါး ဒူးတဘက်ထောင် ဒူးတဘက်ချ ထိုင်နေပုံ ထုလုပ်ထားသည်ကို တွေ့ရလိမ့်မည်။ ထိုနတ်မင်းကြီးလေးပါး ရုပ်အပြင် တာဝတိံသာနတ်ပြည်၌ စိုးစံနေကြသော သိကြား(ငယ်) ၃၂ ပါးနှင့် အကြီးအမှူးဖြစ်သူ မာဃသိကြားနတ်တပါး၊ ပေါင်း ၃၃ ရုပ်လည်း ထုလုပ်ထားလေသေးသည်။ ထိုအတွက် ဥကင်ဝဲယာပန်းမျှား၌ သိကြား(ငယ်)နတ်ရုပ် ၁၄ ရုပ်၊ မုခ်တိုင်၌ သိကြား(ငယ်)နတ်ရုပ် နှစ်ရုပ်၊ ဥကင်အထက် နတ်ဆော် ဝဲယာ၌ သိကြား(ငယ်) ၁၆ ရုပ် ပေါင်း ၃၂ ရုပ် တွေ့ရလိမ့်မည်။ တုရင်ဗိမာန်၌မူ မာဃသိကြားနတ်ရုပ်နှင့် ထိုနတ်ရုပ်နဖူးပြင်တွင် မှန်တိုင်ကို တွေ့ရလိမ့်မည်။ ဤတွင် မှန်တိုင်စိုက်

ထားရခြင်းမှာ လူမင်းကို နတ်မင်းက ဆုံးမဩဝါဒပေးသည်ကို ဖော်ပြလိုသောကြောင့် ဖြစ်လေသည်။ ဆုံးမပုံကား —

မြတ်သောမင်းကြီး၊ တရားနှင့်ညီသဖြင့် ပြည်ကို
ကောင်းစွာ စောင့်ရှောက် နိုင်ပ — မတော်မူလော့။
အကျွန်ုပ်၏နဖူးပြင်၌ ရွှေမှန်တိုင်ကို ရှုတော်မူလော့။

ဟူ၍ဖြစ်လေသည်။ဤသို့အားဖြင့် သီဟာသနပလ္လင်သည် မင်းတို့အာဏာတည်ရာဌာန ဖြစ်နေသည်မှာ သိသာလေသည်။

၁၈၈၅ ခုနှစ် ဝိတိုရိယဘုရင်မကြီးလက်ထက်တွင် မြန်မာနိုင်ငံကို ဗြိတိသျှ(အင်္ဂလိပ်)စစ်သည်တို့ တိုက်ခိုက်သိမ်းယူလေသည်။ သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီးကို အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ခေါ်ဆောင်လေသည်။ ထို့ပြင် လွှတ်တော်ရှိ သီဟာသနပလ္လင်ကို ကာလကတ္တားသို့ သယ်ဆောင်လေသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိ၍ အချုပ်အခြာနိုင်ငံအဖြစ် ပြန်လည်ရောက်ရှိလေသည်။ ထိုအခါ အိန္ဒိယအစိုးရက နယူးဒေလီမြို့ရှိ အစိုးရအိမ်တော်၌ မြန်မာ့လွတ်လပ်ရေး အခမ်းအနားကို ကျင်းပလေသည်။ အိန္ဒိယဘုရင်ခံချုပ်ဖြစ်သူမှာလည်း ဝိတိုရိယဘုရင်မကြီး၏ မြစ်တော်သူ လတ်မင်းကြီး မောင့်ဗက်တင် ဖြစ်လေသည်။ ထိုအခါ မောင့်ဗက်တင်က မြန်မာနိုင်ငံ လွတ်လပ်ရေးရ၍ ဝမ်းသာကြောင်း မိန့်ခွန်းစကားပြောခဲ့ရာ သီဟာသနပလ္လင် အကြောင်းလည်း ပါလေသည်။ ပါပုံမှာ —

သီပေါဘုရင် နောက်ဆုံးအသုံးပြုခဲ့တဲ့ ရာဇပလ္လင်ဟာ ယခုအခါမှာ ကာလကတ္တားက အိန္ဒိယပြတိုက်မှာ ရှိနေပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ မကြာခင်က လန်ဒန်ကို ကျွန်တော်ပြန်ရောက်သွားတဲ့အခါ ဂျော့

ဘုရင်မင်းမြတ်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်မှာ မြန်မာပြည်သူများကို သီဟာသနပလ္လင် ပြန်လည်လက်ဆောင်ပြုဖို့ ကျွန်တော်တို့ အိန္ဒိယအစိုးရက အကြံပြုခဲ့တာကို ဂျော့ဘုရင်မင်းမြတ်ကလည်း သဘောတူခဲ့ပါတယ်။ ရာဇပလ္လင်ဟာ ကြီးလည်းကြီး ခိုင်လဲခိုင်ခံ့တဲ့ ပစ္စည်းဖြစ်နေပါတယ်။ အဲဒါကြောင့် ရာဇပလ္လင် အစိတ်အပိုင်းတွေကို တခုစီ တခုစီ ဖြုတ်ပြီး ရန်ကုန်ကိုပြန်ပို့ရမယ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို မတ်လမှာ ကျွန်တော် လာရောက်လည်ပတ်ဖို့ မြန်မာဝန်ကြီးချုပ်က ဖိတ်ခေါ်ထားတာကို ကျွန်တော် လက်ခံနိုင်ပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီအချိန်မှာ ရာဇပလ္လင်ကို ကျွန်တော်ကိုယ်တိုင် ပြန်လည် လက်ဆောင်အဖြစ် ပေးအပ်ဖို့ စိတ်ကူးထားပါတယ်။

ဟူ၍ ဖြစ်လေသည်။

ထိုမိန့်ခွန်းနှင့်အညီ လတ်မင်းကြီး မောင့်ဗက်တင်သည် မတ်လ ၁၂ ရက်နေ့တွင် သီဟာသနပလ္လင်ကို နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်ရှေ့၌ အခမ်းအနားနှင့်တကွ ပေးအပ်ခဲ့လေသည်။ ထိုပလ္လင်ပေးအပ်ပွဲ အခမ်းအနား၌လည်း –

ငါတို့ကျွန်ဖြစ်၊ ညွှန့်ဝယ်နစ်စဉ်
အနှစ်ရတနာ၊ ဘဏ္ဍာမင်းခမ်း
ပြွမ်း၍ယူထ၊ ဗြိတိသျှကား
ရှေးကရန်သူ၊ ခုမူမိတ်ဆွေ
ဖြစ်လှာချေ၍၊ မသွေမချို
ကျွန်ုပ်တို့က၊ နှစ်လိုဝမ်းရှင်



သီဟာသနပလ္လင်

ကျေးဇူးတင်ရှင့်၊ ပလ္လင်ရတနာ
တို့ရာဇာသို့၊ မေတ္တာနက်တံ
ပဏ္ဏာနှံ့သည်၊ တက်လျှံတေဇကြွယ်ဘုရား။

စသည်ဖြင့် မင်္ဂလာရတုပိုဒ်စုံ ရွတ်ဖတ်ခဲ့ကြသည်။

ထိုအချိန်မှစ၍ သီဟာသနပလ္လင်သည် သမ္မတအိမ်တော်၌ ရှိနေခဲ့လေသည်။ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင်ကား မြန်မာပြည်သူအများ ကြည့်ရှုလေ့လာရန် ဟူ၍ သမ္မတအိမ်တော်မှ အမျိုးသားပြတိုက်သို့ သီဟာသနပလ္လင် ပေးပို့ရောက်ရှိလာခဲ့လေသည်။

စာကိုး

၁။ ဇေယသင်္ချာ။ ရွှေဘုံနိဒါန်း၊ ၁၉၆၀။

၂။ ဦးဘတင်။ ဒဂုဏ်ပအာသံ၊ မြန်မာမှု၊ ၁၉၅၁။

၃။ Directorate of Archaeological Survey, *The Mandalay Palace*. 1963.

၄။ *Time Only to Look Forward:*
Speeches of Rear- Admiral The Earl Mountbatten of Burma as Viceroy of India and Governor-General of The Dominion of India 1947-48.

၁၂။ စိပ်ပုတီး

ပုတီးကို ဘာသာရေး လူမှုရေး နှစ်ထွေ အသုံးပြုခဲ့ကြလေသည်။ ရှေးခေတ်ပီရူးနှင့် တရုတ်နိုင်ငံများတွင် ချည်ကြိုးနှင့် အထုံးပုတီးပြုလုပ်၍ မှတ်တမ်းမှတ်ရာသင်္ဘော အသုံးပြုတတ်ကြလေသည်။ တဖန် ဗြာဟ္မဏ–ဟိန္ဒူ၊ ဇိန၊ ခရစ်ယာန်၊ မွတ်စလင်၊ ဗုဒ္ဓဘာသာဝင်များသည် အာရုံ၌ စွဲမြဲတည်တံ့စေရန်၊ စိတ်နှိပ်ကွပ်ဆုံးမရန်၊ သတိတရား ချွတ်ယွင်းမှု ကင်းစေရန် (သစ်စေ့၊ ဝါး၊ ကျောက်၊ ဖန် စသည်) ပုတီးကို စိပ်ကြ အသုံးပြုတတ်ကြလေသည်။

စိတ်ကို စောင့်ရှောက်စေခြင်းငှာ စိပ်ပုတီးစတင် အသုံးပြုသူများသည် အာရိယန်လူမျိုး ဗြာဟ္မဏ–ဟိန္ဒူ ဘာသာဝင်များ ဖြစ်ဟန်တူလေသည်။ သူတို့သည် ကိုးကွယ်ရာ နတ်ဗြဟ္မာတို့၏ ဂုဏ်ကို ရွတ်ဖတ် သဒ္ဒါပွားကာ ပုတီးစိပ်ကြလေသည်။ ထို့ကြောင့် သင်္သကရိုက်ဘာသာဖြင့် ပုတီးကို ဇပမာလာ(ရွတ်ဆိုခြင်း၊ ပန်းကုံး)ဟူ၍လည်းကောင်း၊ သမဏိ (သတိ၊ ပုတီး)ဟူ၍လည်းကောင်း ခေါ်တွင်သည်။

ဗြာဟ္မဏ–ဟိန္ဒူများအထဲမှ ပိဿနိုးဂိုဏ်းဝင် များသည်လည်း ၁၀၈ လုံးရှိသော ပုတီးကို သုံးလေ့ရှိသည်ဟု ဆိုကြလေသည်။ ရှေးကာလက ဂါထာမန္တန်များကို ၇ အုပ်ကစ၍ ၁၀၀၀၀ အထိ ရေတွက်လေ့ရှိရာ ၁၀၇ အုပ် စုပ်ခြင်းစိပ်ခြင်း

သာလျှင် များစွာ အသုံးရှိကြောင်း၊ ပမာန ကျကြောင်း လည်း ဆိုကြလေသည်။ တဖန် ခြောက်နှစ်၊ ခုနစ်နှစ်သား ကလေးသူငယ်များကို ပိဿနိုးဂိုဏ်းသို့ သွတ်သွင်း သည့် အစီအရင်တွင် ဆရာဂုရုလုပ်သူက ထိုကလေးများ၏လည်ပင်း နား ကပ်ကာ လှည့်ပတ်ကာ ပုတီးကို ပြသရိုး ရှိလေသည်။ ဇာတ်ကြီးသော ဗြာဟ္မဏ ဟိန္ဒူများမှာမူ ပုတီးကိုင်သော လက်ကို လူသူမမြင်အောင် (ဂေါ်မုခ) အိတ်ထဲထည့်၍ ပုတီးစိပ် တတ်ကြလေသည်။

ပုတီးကို အဆောင်သဘောလည်း သုံးတတ်ကြသေး သည်။ သုံးပုံမှာ သားယောကျ်ားအလိုရှိသူများသည် ဆိုင်ရာ မန္တန် စုပ်၍ ပုတ္တဇီဝခေါ် ပုတီးတမျိုးကို စိပ်တတ်ကြလေ သည်။



စိပ်ပုတီး

ဗုဒ္ဓဘာသာဝင်များ အတွက် ဆိုရသော်ကား စွယ်စုံကျော်ထင်ကျမ်း၊ ပုဒ်ရေ ၅၂၀ တွင် –

သုံးလူများထိပ်၊ ငါးမာရ်နှိပ်၊စိပ်ရန်ပုတီးရှိလိမ့်နည်း – ဟူသော ကျည်းကန်ရှင်ကြီး၏ အမေးကို ကျီးသဲလေးထပ် ဆရာတော်က –

> ပုတီးရှိကြောင်း ကျမ်းဂန်၌မတွေ့ဖူးချေ။ အကယ်၍ ပုတီးဆောင်တော်မူသည်ဖြစ်အံ့။ ထိုပုတီးကို မည်သည့် ဒါယကာလှူသည်၊ မည်သို့သုံးဆောင်တော်မူသည်၊ မည်မျှလောက် အကျိုးရှိသည်၊ မည်သည့် ရဟန်း အမွေခံရသည်ဟု ကျမ်းဂန်လာရာ၏။ ယင်းသို့ မလာသောကြောင့် ဘုရားမှာ ပုတီးမရှိ ဟူ၍ သိသင့်သည် –

ဟု အဖြေပေးခဲ့လေသည်။ ဤတွင် ဗုဒ္ဓသာသနာ၌ ကမ္မဋ္ဌာန်းဘာဝနာကို နှုတ်ဖြင့် သော်လည်းကောင်း၊ စိတ်ဖြင့် သော်လည်းကောင်း အောက်မေ့ဆင်ခြင်စီးဖြန်းရေတွက်ခြင်း အမှုရှိလေသည်။ သိတင်းသည်များသည်သည်း စိတ်ကို စောင့်ရှောက်စေခြင်းအကျိုးငှာ ပုတီးကို အကူအညီအထောက်အပံ့ သဘောဖြင့် တစတစ အသုံးပြုလာကြလေသည်။

ထိုအခါ ဘုရားဂုဏ် ၉ ပါး၊ တရားဂုဏ် ၆ ပါး၊ သံဃာဂုဏ် ၉ ပါးရည်၍ ၂၄ လုံး၊ ဒွတ္တိံသ ကာယကို ရည်၍ ၃၂ လုံး၊ ကမ္မဋ္ဌာန်းကိုရည်၍ အလုံး ၄၀ စသည်ဖြင့် အလုံးအမျိုးမျိုး ထား၍ သုံးတတ်ကြလေသည်။ ရံဖန်ရံခါ ၁၀၈ လုံးထား၍လည်း သုံးတတ်ကြလေသည်။ ၁၀၈ လုံးသုံးပုံနှင့်စပ်၍ နည်းအမျိုးမျိုးဖြင့် ရေတွက်ပြတတ်ကြလေသည်။ ပြပုံမှာ –

ဘုရားဂုဏ် ၄၈၊ တရားဂုဏ် ၃၈၊ သံဃာဂုဏ် ၂၂၊ ပေါင်း ၁၀၈ ဟူသော ရတနာသုံးပါးဂုဏ်အကြောင်းပြု၍ သော်လည်းကောင်း၊ သိဒ္ဓတ္ထမင်းသားဖွားခါစတွင် ဗြာဟ္မဏ ပုဏ္ဏား ၁၀၈ ဦးအား နန်းတော်ခေါ်၍ လက္ခဏာဖတ်စေခြင်းကို အကြောင်းပြု၍သော်လည်းကောင်း၊ တိဗက်ပိဋကတ်တော် ကန်ဂျူတွင် ၁၀၈ ထုပ်ရှိသည်ကို အကြောင်းပြု၍ သော်လည်းကောင်း၊ မြန်မာ–ယိုးဒယားရှိ ဘုရားခြေတော်ရာတွင် စက်လက္ခဏာ ၁၀၈ ကွက်ရှိသည်ကို အကြောင်းပြု၍ သော်လည်းကောင်း၊ သတ္တမီသနက္ခတ်ပတ် ၁၀၈ နဝင်းကို အကြောင်းပြု၍သော်လည်းကောင်း ၁၀၈ လုံးထားလေသည် ဟူ၏။

စာကိုး

၁။ ပုဂံဝန်ထောက် ဦးတင်။ "စိပ်ပုတီး အတ္ထုပ္ပတ္တိ"၊ **မဟာဒဂုန် မဂ္ဂဇင်း**၊ အမှတ် ၁၀၈ (ဧပြီ ၁၉၃၆) စာ ၃၆၅–၃၇၃။

၂။ **စွယ်စုံကျော်ထင်ကျမ်း**။ မန္တလေး၊ ပိဋကတ်တော် ပြန့်ပွားရေး ဌာန၊ ပထမတွဲ။

၃။ "Rosaries", *Encyclopaedia of Religion & Ethics*; ed. by James Hastings. Vol. 10 (1930) pp. 847-853.

၄။ M. Monier-Williams, *A Sanskirt-English Dictionary*. Enlarged by E. Leumann & C. Cappeller. Oxford, Clarendon Press, 1951.

၁၃။ ပုန်းမကြည်

တပေါင်းလအခါသမယတွင် မြန်မာလယ်သမားများသည် ပုန်းမကြည်ရှင်မကို တင်မြှောက်ပသတတ်လေသည်။ ဤတွင် ပုန်းမကြည်ဆိုသည်မှာ ပုဗ္ဗကြယ် (ဖုသျှကြယ်)နှင့် ဆက်စပ်နေသည်ဟူသော အဆိုအမိန့်တခုရှိလေသည်။ ထိုအဆိုအမိန့်သည် လုပ်ငန်းနှင့်ယှဉ်ကြည့်သော် ဆီလျော်လှပေသည်။

နက္ခတ်တာရာအနေအထားသည် ကမ္ဘာမြေပြင်ရှိ သစ်ပင်တောတောင်များအပေါ် အာနိသင်ရှိလေသည်။ နက္ခတ်ဗေဒင်ကျမ်းများအဆိုအရ တပေါင်းလတွင် ပုဗ္ဗကြယ်သည် တစုံတခုသော အပင်၌ ဝပ်တတ်လေသည်။ ထိုအခါ ပုဗ္ဗကြယ်ဝပ်သောအပင်တွင် ဩဇာအဆီအနှစ်တည်လေသည်။ထိုအပင်ကို လယ်တွင်စိုက်သော် ဩဇာအဆီအနှစ်သည် ထက်ဝန်းကျင်ပျံ့နှံ့၍ အပင်အသီးအပွင့်တို့ကို သန်စွမ်းစေလေသည်။ ထိုပုဗ္ဗကြယ်ကိုပင် ရှေးသူဟောင်းများက ပုဂ္ဂလဝိသေသပြုကာ နတ်နေသည်ဟု ဆိုစမှတ်ပြုကြသည်။ တဖန် ပုဗ္ဗကြယ်နတ်ကိုပင်လျှင် ပုန်းမကြည်နတ်ဟူ၍ စကားရွေ့လျော ခေါ်ဝေါ်ကြပြန်လေသည်။ အာဒိကပ္ပကမ္ဘာဦးကျမ်းကြီးတွင်လည်း–

> ပုဗ္ဗကြယ်နတ်သည် လူတို့လုပ်သော အပင်, အပွင့်, အသီး ပွားများကောင်းမွန်အောင် စောင့်ရှောက်စေ၏။

ဟူ၍ လာလေသည်။

လက်ရှိ လယ်သမားတို့ လုပ်ထုံးမှာကား အနည်းငယ် ပြောင်းလဲလာသည်ဟု ဆိုရန်ရှိလေသည်။ လယ်သမားတို့သည် ကောက်လှိုင်းကြီးကို ပုန်းမကြည်နတ်သဏ္ဍာန် ပန်းပန်၊ အဝတ်စုံဆင်ယင်ကာ ကောက်ညှင်းပေါင်း၊ အုန်းငှက်ပျော ကန်တော့ပွဲ အစုံအလင်နှင့် မုန့်ဖြူမုန့်နီ၊ ကျောက်ပျဉ် သနပ်ခါး၊ မှန်တို့ ကိုပါ လှည်းဦးပေါ်တင်ပြီးလျှင် –

> လှည်းဦးပေါ်မှာ သုံးထောင် ကျော်တဲ့ တို့စပါး၊
> မထွက်သင့်လား ထွက်သင့်လားဟေ့၊ ထွက်သင့်ပေ
> ထွက်သင့်ပေ၊ ဟေးလားမောင်တို့ဝါး–

အတိုင်အဖောက် ဆိုကြလေသည်။ ထို့နောက် လက်ခုပ်လက်ဝါးတီးကာ စပါးပုံကို ခုနစ်ပတ်လှည့်ကာ ပသကြလေသည်။

တဖန် လယ်သမားများက မုန့်ဖြူ၊ မုန့်နီတို့ကို နွားရုပ်ပုံ ထွန်ပုံလုပ်၍လည်းကောင်း၊ ထန်းတက်သမားများက ရင်းထောင် ရင်းဆွဲ ထန်းပင်ပုံလုပ်၍လည်းကောင်း၊ ဈေးသည်များက ဗျတ်၊ ချိန်ခွင်၊ အလေးပုံထွင်း၍လည်းကောင်း မိမိတို့ အိမ်ရှေ့တိုင်ထိပ်တွင် အိုးသစ်နှင့်ထည့် ကြိုးနှင့်ဆွဲကာ ပသကြလေသည်။

ထိုအခါ စပါးပိုထွက်သည်ဟု ဆိုစမှတ်ပြုကြလေသည်။

ဤတွင် --- အမျိုးသမီးတဦးက ဘုရားရှင်၏ ဟောပြောမှုအရ ကာဠိယက္ခိနီ ဘီလူးမကို အိမ်နှင့်မနီးမဝေးတောထဲတွင် ထားပြု စောင့်ရှောက်လေ၍ ဘီလူးမက ကျေးဇူးတုံ့ပြန်ကာ မိုးကောင်းမြေကောင်းရာ အရပ်တို့ကို ညွှန်ပြပေးသဖြင့် ထို

အမျိုးသမီး၌ နှစ်စဉ် ကောက်ပဲသီးနှံ ဖြစ်ထွန်းသည်။ ထိုကာဋ္ဌ ယက္ခိနီ ဘီလူးမကိုပင်လျှင် ပုန်းမကြည်နတ်ဟု ခေါ်ဝေါ်ကြ သည် ဟူသော အဆိုအမိန့်လည်း ရှိလေသေးသည်။ ။

စာကိုး

၁။ ဦးမြ၊ "ပုန်းမကြည် (ပုမ္မကြည်)"၊ **မြန်မာနိုင်ငံ သုတေသန အသင်း ဂျာနယ်**။ တွဲ ၃၂၊ ပိုင်း ၁ (ဒီဇင်ဘာ ၁၉၄၇) စာ ၁၀–၄၀။

၂။ ဦးရွှေနော်၊ **အာဒိကပ္ပကမ္ဘာဦးကျမ်း**။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၇။

၃။ ဆရာမြင့်၊ **နတ်ပေါင်းစုံ**။ ရန်ကုန်၊ စံတော်ဝင် စာပေဖြန့်ချိရေး [ရက်စွဲမပါ]၊

၁၄။ ဆုတောင်းခန်း

ဤဘဒ္ဒကမ္ဘာမှ အနှစ်လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ အမရဝတီမြို့တွင် သုမေဓာအမည်ရှိ ဗြာဟ္မဏပုဏ္ဏားတဦး နေလေသည်။ ထိုပုဏ္ဏားသည် လောကီစည်းစိမ်၌ အပြစ်မြင်၍ ဟိမဝန္တာချဉ်းကာ ရသေ့ပြု တရားကျင့်ရာ ဈာန်အဘိညာဉ်ရလေသည်။ တရံခါသော် သုမေဓာရှင်ရသေ့သည် ကောင်းကင်ခရီးသွားစဉ် မြေပြင်၌ လူအများစုရုံး လမ်းပြင်နေကြသည်ကို မြင်လေသည်။ အကြောင်းကို စုံစမ်းမေးမြန်းသော် ဒီပင်္ကရာဘုရားရှင် ကြွတော်မူမည်ဖြစ်၍ လမ်းသန့်ရှင်းနေကြကြောင်း ကြားရလေသည်။

သုမေဓာရှင်ရသေ့သည် လူအပေါင်းတို့၏ကုသိုလ်တွင် ပါဝင်ရန် စိတ်ပြင်းသန်းမိလေသည်။ ထို့နောက် ဒီပင်္ကရာ ဘုရားရှင်သည် တပည့်ရဟန္တာများခြံရံလျက် ထိုလမ်းသို့ ကြွလာ၏။ လူနှင့် နတ်အပေါင်းတို့လည်း ပန်းနံ့သာကြဲဖြန့် ပူဇော်ကြကုန်၏။ တူရိယာတီးမှုတ်လျက် ဘုရားရှင်၏နောက်မှ လိုက်ကြကုန်၏။

ဤတွင် ဘုရားရှင်နှင့် ရဟန္တာများကြွရာလမ်းတွင် ညွန်ပျောင်း ရှိနေပေ၏။ သုမေဓာ ရှင်ရသေ့လည်း ဘုရားရှင်နှင့် တပည့်သားများမနင်းမိစေရန် မိမိဆံပင်ကိုဖြေပြီးလျှင် လျှော်တေသင်္ကန်းကိုလည်းကောင်း၊ သားရေပိုင်းကိုလည်းကောင်း ညွန်ပျောင်း၌ဖြန့်ခင်း၍ မိမိကိုယ်ကို အလျားမှောက်ပေး၏။

သုမေဓာရှင်ရသေ့ အလိုဆန္ဒရှိပါမူကား ထိုနေ့၌ပင် တရားကို မျက်မှောက်ပြုပြီး ကျွတ်တမ်းဝင်နိုင်ပေရာ၏။ သို့ရာတွင် သူ့၌ အလိုဆန္ဒမရှိ။

ငါသည် အစွမ်းအားကို မြင်သော ယောကျ်ားဖြစ်ပါလျက် တယောက်တည်း ကူးမြောက်ခြင်းဖြင့် ငါ့အား အဘယ်အကျိုး ရှိတော့အံ့နည်း၊ ငါသည် သဗ္ဗညုတဉာဏ်သို့ ရောက်၍ နတ်နှင့်တကွသော လောကကို ကယ်တင်ပေအံ့၊ များစွာသောလူအပေါင်းတို့ကို ကယ်တင်ပေအံ့—

ဤသို့ အကြံဖြစ်သည့်အတိုင်း သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ ဘုရားရှင်ထံ၌ ဘုရားဆုပန်လေသည်။ ထိုအခါ ဒီပင်္ကရာ ဘုရားရှင်က နောင်သောအခါ ထိုသူသည် ကပိလဝတ်ပြည်၌ ခမည်းတော် သုဒ္ဓေါဒနဘုရင်နှင့် မယ်တော် မာယာ မိဖုရားတို့မှ မွေးဖွား၍ တောထွက်ပြီးသော် နေရဉ္ဇရာမြစ်အနီးရှိ ညောင်ဗုဒ္ဓဟေပင်ရင်း၌ ဂေါတမအမည်ဖြင့် ဘုရားဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်ပေးခဲ့လေသည်။

အထက်ဖော်ပြပါ သုမေဓာဆုတောင်းခန်း အကြောင်းအရာသည် သင်္ဂါယနာတင်ကျမ်းတစောင်ဖြစ်သော **ဗုဒ္ဓဝံသ**တွင် ပါလေသည်။ ထို့ပြင် မဟာသံဃိကဂိုဏ်းဝင် **မဟာဝတ္ထု**တွင်လည်း တမျိုးတဖုံပါလေသည်။ တဖန်ထိုအကြောင်းအရာသည် အေဒီ ၁ ရာစုနောက်ပိုင်း၌ ဂူလိုဏ်များအတွင်း နံရံပန်းချီအဖြစ် လည်းကောင်း၊ ရုပ်လုံးရုပ်ကြွအဖြစ် လည်းကောင်း သရုပ်သဏ္ဌာန် ဖော်ခဲ့လေသည်။

သုမေဓာဆုတောင်းခန်း။ အေဒီ ၃ ရာစု၊ နာဂါဇုန ကုဏ္ဍ

အိန္ဒိယ - ပါကစ္စတန်နယ်မြေ၌ ဗောဓိသတ္တဘုရားလောင်းနှင့် ဗုဒ္ဓဘုရားရှင်တို့ကို သရုပ်ဖော်၍ ရုပ်ထုပြုလုပ်ရာ၌သာနသည့် အဓိကအားဖြင့် သုံးနေရာတွင်ပြလေသည်။ ထိုနေရာများမှာ (ယခု အရှေ့အာဖဂနိစတန်နှင့် အနောက်မြောက်ပါကစ္စတန်) ဂန္ဓာရဒေသ၊ ဂင်္ဂါ-ယမုနာမြစ်ဝှမ်းဒေသ၊ အန္ဓရဒေသများဖြစ်ကြသည်။ ဆုတောင်းခန်းရုပ်ပုံတော်ကိုကား ဂန္ဓာရဒေသနှင့် အန္ဓရဒေသ (နာဂါဇုနကုဏ္ဍ) ဟူ၍ နှစ်နေရာတွင်သာ တွေ့နိုင်လေသည်။ ရုပ်တုပုံပန်းသဏ္ဌာန်ချင်းလည်း ကွဲလေသည်။ ဂန္ဓာရဒေသတွင် ဗုဒ္ဓဘာသာဝင် ဂရိလူမျိုးအများအပြား နေခဲ့ကြသည်ဖြစ်ရာ ထုလုပ်သောရုပ်ပုံမှာ ပြည်ပ၊ ဂရိနှင့် ရောမ ဩဇာဝင်နေလေသည်။ ဆိုလိုသည်မှာ ဂရိ-ရောမဟန် ဆံပင်သွယ်ပျောင်းနေခြင်း၊ ဂရိ-ရောမ မျက်နှာနေ မျက်နှာကျရှိခြင်း၊ သင်္ကန်းထူထူထဲထဲနှင့် အမြှောင်းပေါ်ပေါ်လွင်လွင် ရှိခြင်း စသည်ဖြင့် သဘာဝယုတ္တိဘက်နီးသည် ဟူ၏။ အန္ဓရဒေသမှ ပန်းပုဆရာများမှာမူ တိုင်းရင်းသားစည်းကမ်းစနစ်အတိုင်း ထုလုပ်ကြလေသည်။ ကျမ်းဂန်လာ မဟာပုရိသလက္ခဏာပေါ်အောင် ကြိုးစားကြလေသည်။ သာဓကအားဖြင့် အန္ဓရဒေသရှိ နာဂါဇုနကုဏ္ဍအရပ်တွင် အေဒီ ၃ ရာစုခေတ်က ထုံးကျောက်ဖြင့်ထုလုပ်ထားသော ဆုတောင်းခန်းရုပ်ကြွကို ကြည့်ပါလေ။ (ဗုဒ္ဓသာသနာပျံ့နှံ့ရာ အခြားနိုင်ငံများကိုခြွင်း၍) မြန်မာနိုင်ငံအတွက်ဆိုရသော် ဆုတောင်းခန်းရုပ်ပုံကို ပုဂံခေတ်နဂါးရုံဘုရား၊ လောကထိပ်ပန်ဘုရားစသည်တို့တွင် နံရံဆေးရေးပန်းချီအဖြစ် သရုပ်ဖော်ခဲ့ကြလေသည်။ နှောင်းခေတ်များတွင်မူ နေရာအနှံ့အပြား၌ သစ်သားပန်းပုအဖြစ် သရုပ်ဖော်ခဲ့ကြလေသည်။ ။

စာကိုး

၁။ "သုမေဓပတ္တနာကထာ (ဗုဒ္ဓဝံသ)"။ ထေရာပဒါန် ပါဠိတော် မြန်မာပြန် ဒုတိယအုပ် စာအုပ်။ ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၆၀။ စာ ၃၀၁- ၃၁၆။

၂။ Edward Conze, Jr. *Buddhist Scriptures*. London, Penguin, 1959.

၃။ Ba Shin, *Lokahteikpan*. Rangoon, Burma Historical Commission, 1962.

၄။ *The Way of the Buddha*. Ministry of Information & Broadcasting, India, [n.d].

၁၅။ ရေအိုးစင်

ရေအိုးစင်သည် မြန်မာ့ ယဉ်ကျေးမှု လက္ခဏာတခု ဖြစ်လေသည်။ ရေအိုးစင်ကို သစ်ပင်ရိပ် ကောင်းကောင်းအောက်တွင် ယေဘုယျ တွေ့ရတတ်လေသည်။

မြန်မာနိုင်ငံသည် ပူအိုက်၏။ သူသူကိုယ်ကိုယ် လမ်းသွား၍ အချိန်အတန်ကြာလျှင် ချွေးထွက်ကာ ရေငတ်လာတော့သည်။ ရေငတ်သူ ရေငတ်ပြေစေလိုသော စိတ်စေတနာသည် မြန်မာလူမျိုးတို့ သန္တာန်တွင် ကိန်းအောင်းလျက် ရှိသည်။ ထို့ကြောင့် သင့်ရာနေရာတွင် ရေအိုးစင်ထားပေးခြင်း ဖြစ်လေသည်။ ထို့ပြင်—

ကိတ္တိသုဒ္ဓေါ၊ ခြေရံပေါ၊ လျှင်စောမှတ်သိပ်ကွာ။
သန့်ရှင်းဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ။
ရေကိုလှူကြ၊ ကျိုးဆယ်ဝ၊ မုချရမည်သာ။

ဟူသော ရေလှူရခြင်း အကျိုးဆယ်ပါးကို ရည်မှန်း၍ ထားသည့် သဘောလည်း ပါလေသည်။

တောပိုင်း၌ ရေအိုးကို သစ်ပင်အကိုင်းမှ ကြိုးဖြင့်ဆွဲထားသည်ကိုသော် လည်းကောင်း၊ သစ်ပင်ခွကြားတွင် တင်ထားသည်ကိုသော် လည်းကောင်း မြင်မိကြလိမ့်မည်။ စင်နှင့်ပုံပန်းကျကျ ရေအိုးစင်ကိုကား ရွာလမ်းဘေး သစ်ပင်ရိပ်

အောက်တွင် တွေ့ရတတ်လေသည်။ စေတနာရှင်သည် ဝါးဖြင့် လေးတိုင်စင်ဆောက်၊ ထန်းခနိ စသည်ဖြင့် အမိုး မိုးသည်။ ထို့နောက် အဆင့်တင်၍ အဆင့်ပေါ်တွင် သဲခင်းရေလောင်းကာ အိုးကို တင်လေသည်။ အိုးပတ်လည်တွင်လည်း စပါးပင်၊ မြက်ပင်စိမ်းကလေးများ စိုက်လေသည်။ ထိုအခါ သဲ၏ အအေးခံတတ်၊ အိုးပတ်လည်ရှိ မြက်ပင် စပါးပင်တို့၏ အအေးခံတတ်ကြောင့် အသင့်ထားသော အုန်းမှုတ်ခွက်ဖြင့် ရေခပ်သောက်လိုက်ရသူမှာ အေးမြသော အရသာကို ခံစားရလေသည်။

ဤသည်မှာ တောအရပ်တွင်ရှိတတ်သော ရေအိုးစင်အမျိုး



ရေအိုးစင်

အစား ဖြစ်လေသည်။ မြို့ပြများတွင်ကား သစ်သား အကျ အနဖြင့် ရေအိုးစင် ဆောက်လုပ်ကာ သဘော်ဆေးသုတ်ပြီး လှပအောင် ပြုပြင်ထားတတ်ကြသည်။ ရေခွက်မှာလည်း ကြေးဖလား ကြေရေသုတ်ခွက် ဖြစ်တတ်လေသည်။ တဖန် ရေအိုးစင်အနီး သစ်ပင်ရိပ်အောက်တွင် နားနေနိုင်စေရန် ခုံတန်းလျှားပင် ရှိနေတတ်လေသည်။

မြန်မာ့ရေမြေတွင် ခရီးသွားများ သောက်သုံးရန်အတွက် ရေအိုးစင်ထားသော အလေ့အထသည် အင်းဝခေတ်ထက် နောက်မကျကြောင်း စာအထောက် အထားအရ သိရလေ သည်။ရှင်မဟာရဋ္ဌသာရ၏တံတားဦး မင်္ဂလာစေတီ မော်ကွန်း လာအပိုဒ် ၆ ကောက်နုတ်ချက်ကို ကြည့်ပါလေ။

စပ်လောင်းပြည့်ဖြိုး၊ ရေခ (က)မိုးလည်း၊ ရေအိုး
စင်ထက်၊ ထားတင်လျက်တည့်၊ ဟိုက်ဟက်ရှင်လူ၊
နားသည့်သူတို့၊ ယူကာသောက်ကြ၊ အားပါးရသော်၊
ဒါနတဆူ၊ ရေချမ်းဟူသား၊ အလှူပေးကျိုး၊ ရန်မီး
မျိုးလျှင်၊ လိုစိုးခပ်သိမ်း၊ ငြိမ်းစေသောဟု၊ တောင်း
သည့်ဆုဖြင့်။

ဤသို့လျှင် မြန်မာတို့၏ ရေအိုးစင် အစဉ်အလာသည် ယနေ့ထက်တိုင် ရှင်သန်လျက် ရှိပါပေသတည်း။ ။

၁၆။ ကဆုန်လပြည့်နေ့နှင့်ဌာနသုံးပါး

ကဆုန်လပြည့်နေ့သည် လုမ္ဗိနီဥယျာဉ်၌ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့၊ ဗုဒ္ဓဂယာဗောဓိ ညောင်ပင်ရင်း၌ ဘုရားလောင်း သဗ္ဗညုတဉာဏ်တော်ရ၍ ဘုရားဖြစ်တော်မူသောနေ့၊ မလ္လာမင်းတို့ပိုင်ဆိုင်ရာ ကုသိနာရုံ၌ ဗုဒ္ဓဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူသောနေ့ ဖြစ်လေသည်။

ဗုဒ္ဓက မိမိဖွားမြင်ရာ၊ ဘုရားဖြစ်ရာ၊ ပဉ္စဝဂ္ဂီရဟန်းငါးဦး အား တရားဦးဟောရာ၊ ပရိနိဗ္ဗာန်စံဝင်ရာ အရပ်ဌာနများသို့ အမျိုးကောင်းသားသည် သွားရောက် သံဝေဂယူထိုက်သည်။ ထိုအရပ်များသို့ လှည့်လည်ဖူးမြော်ယင်း လမ်းခရီး၌ သေခဲ့ သော် ကောင်းရာသုဂတိသို့ လားရလတ္တံ့ ဟု ဟောခဲ့ဖူးလေ သည်။ ထို့ကြောင့် ထို (သံဝေဇနိယ) အရပ်ဌာနလေးပါး သည် ဗုဒ္ဓဘာသာဝင်များအဖို့ အလွန် ထူးခြားလှပေသည်။

၎င်းတွင် ပဉ္စဝဂ္ဂီ ငါးဦးအား ဗုဒ္ဓတရားဦးဟောရာ ဌာနမှ တပါး အခြားအရပ်ဌာန သုံးခုသည် ကဆုန်လပြည့်နေ့နှင့် စပ်ဆိုင်နေသည်ဖြစ်၍ ထို အရပ် ဌာနများ အကြောင်းကို ဆိုဦးအံ့။

ယခုအခါ လုမ္ဗိနီဥယျာဉ်သည် နီပေါနိုင်ငံ၊ ဘိုင်ရာဝါဟ စီရင်စုနယ်ထဲတွင် တည်ရှိ၏။ ထိုနေရာသို့ ဘီစီ ၃ ရာစုက အသောကမင်းကြီး ရောက်ရှိစဉ် –



အသောကကျောက်တိုင်၊ လုမ္ဗိနီ

နတ်တို့ ချစ်မြတ်နိုးသော ပိယဒဿီမင်းကြီးသည်
အဘိသိက်ခံသည်မှ အနှစ် နှစ်ဆယ်မြောက်၌ သကျ
မုနိ ဗုဒ္ဓရှင်တော်ဘုရား ဖွားမြင်သည့်အရပ်သို့ ကိုယ်
တော်တိုင် ကြွလာ၍ ရှိခိုးပူဇော်တော်မူ၏။

စသည်ဖြင့် အထိမ်းအမှတ်ကျောက်တိုင် စိုက်ထူထားခဲ့လေသည်။ ဖွားတော်မူခန်းနှင့် စပ်၍ကား ခရစ် ၈ ရာစုခေတ် ထုံးကျောက်ရုပ်ကြွတခုကို ခတ္တမန္ဒုမြို့ နီပေါအမျိုးသား ပြတိုက်တွင် ပြသထားလေသည်။

ပုံသဏ္ဌာန်ကား၊မာယာဒေဝီမိဖုရားသည်ပုတီးနားတောင်း ကိုယ်ဝတ်တန်ဆာဆင်ယင်လျက် တိဝင်္ဂသုံးဆစ်ချိုးနွဲ့နွဲ့ကလေး ရပ်ကာ အင်ကြင်းပင်ကို လက်ဖြင့်ကိုင်လျက်ရှိ၏။ မာယာဒေဝီ၏ ဒူးဆစ်၌ ဘုရားလောင်းသည် ကြာပန်းအပေါ် မတ်တတ်ရပ်လျက်ရှိလေသည်။ ထိုဘုရားလောင်းပေါ် သို့ နတ်ဗြဟ္မာများရှိရာ အထက်ကောင်းကင်မှလည်း ရေစင်နှစ်သွယ် သွန်းချလျက်ရှိလေသည်။

လက်ငင်း လုမ္ဗိနီအခြေအနေဆိုရသော် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်း၏ ဆောင်ရွက်ချက်ဖြင့် လုမ္ဗိနီဥယျာဉ် ထိန်းသိမ်းရေး၊ လမ်းပန်းအဆက်အသွယ် ပိုမိုကောင်းမွန်ရေး၊ ဘုရားဖူး ခရီးသည်များအတွက် တည်းခိုရိပ်သာ တည်ဆောက်ရေး၊ ကမ္ဘောဌာန်းကျောင်းများ တည်ဆောက်ရေးကိစ္စများကို တိုင်းပြည်အများ ပါဝင်ကူညီနေခြင်းပင် ဖြစ်လေသည်။

ဒုတိယ သံဝေဇနီယဌာနကား၊ အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၊ ဂယာမြို့မှ ခုနစ်မိုင်အကွာရှိ ဗုဒ္ဓဂယာပင်ဖြစ်လေသည်။ ထိုနေရာတွင် (ယခုပုံစံအတိုင်း) ခရစ်နှစ် ၇ ရာစုမှ တည်ဆောက်ခဲ့၍ (ကျွန်စစ်သားမင်းအစ မင်းတုန်းမင်းအဆုံး

ဘုရားလောင်းဖွားတော်မူခန်း။ အမျိုးသားပြတိုက်၊ ခတ္တမန္ဒူ၊ နီပေါ

မဟာဗောဓိစေတီ ဗုဒ္ဓဂယာ



နိဗ္ဗာနစေတီ၊ ကုသိနာရုံ

မြန်မာမင်းများအပါအဝင်) မင်းအဆက်ဆက် ပြည်သူအသီးသီး ပြင်ဆင်ပြုပြင်ခဲ့သော မဟာဗောဓိဂူဘုရားသည် ရှိ၏။ ထိုဂူဘုရားအတွင်း၌ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်ခန်းသရုပ်ဖော်၊ ဘူမိဖဿမုဒ္ဒါ(မုဒြာ)လက်အနေအထားဖြင့် ထက်ဝယ်ဖွဲ့ခွေ စံပယ်နေသော (ရွှေချ) ဗုဒ္ဓဆင်းတုကြီးတဆူကိုဖူးမြင်နိုင်လေသည်။ ထူးခြားချက်တခုမှာ မဟာဗောဓိဂူဘုရား၏ အနောက်ဘက်၌ မူလဗောဓိပင်မှ အနွယ်မပျက် ဆက်လက်စိုက်ပျိုးခဲ့သောအပင်သည် ယခုမျက်မှောက်ခေတ်အထိ ဆက်လက်ရှင်သန်နေခြင်းပင်။

တတိယသံဝေဇနီယဌာနကား၊ အိန္ဒိယနိုင်ငံ ဥတ္တရပြဒေသ၊ ဂိုရက်ပုရ်မြို့မှ ၃၄ မိုင်အကွာတွင်တည်ရှိသော ကုသိနာရုံပင်ဖြစ်လေသည်။ ထိုဌာနနှင့်စပ်၍ အိန္ဒိယ ရှေးဟောင်း သုတေသနက တူးဖော်ခဲ့သော ကျောင်းဝိဟာရပန္နက်ပုံစံများကို တွေ့နိုင်လေသည်။ ထို့ပြင် အနီးတဝိုက်တွင် ခရစ်နှစ် ၇–၁၀ ရာစု၌ တည်ခဲ့၍ ၁၉၂၇ ခုနှစ်၌ မြန်မာ ကုသိုလ်ရှင်များ၏ အလှူငွေဖြင့် ပြုပြင်ခဲ့သော နိဗ္ဗာန စေတီတော်ကြီးကို သစ်သစ်လွင်လွင် တွေ့နိုင်လေသည်။ ။

စာကိုး

၁။ ဦးဖိုးလတ် (ဘာသာပြန်)။ **အသောက ကျောက်စာများ။** ရန်ကုန်၊ ပညာနန္ဒ၊ (ရက်စွဲမပါ)။

၂။ *Buddhist Shrines in India.* Ministry of Information & Broadcasting Govt: of India, 1951.

၃။ Debala Mitra, *Buddhist Monuments.* Calcutta, Sahitya Samsad, 1971.

၁၇။ ဝသုန္ဒရီ

ဘုရားကျောင်းကန်များသို့ သွားကြသူများသည် ပုဆစ်တုပ်၍ ဆံရေညှစ်နေဟန် နတ်သမီးရုပ်ကို မြင်ဖူးကြပေလိမ့်မည်။

ထိုရုပ်သည် ဝသုန္ဒရာခေါ် ဝသုန္ဒရေခေါ် ဝသုန္ဒရီခေါ် မြေစောင့်နတ်ရုပ်ပင် ဖြစ်လေသည်။ ထိုရုပ် ဖြစ်ပေါ်လာပုံနှင့်စပ်၍ ကျမ်းစာများတွင် တဆင့်ပြီးတဆင့် ဖော်ပြကြလေသည်။

သိဒ္ဓတ္ထဘုရားလောင်းသည် ဗုဒ္ဓအဖြစ်ရောက်ရန် အဓိဋ္ဌာန်ပြု၍ နေရဉ္ဇရာမြစ်အနီး တရားအားထုတ်နေ၏။ ထိုအခါ (ကုသိုလ်အရာ၌ မြစ်တတ်သော) မာရ်နတ်က လာရောက်ဖျက်ဆီးပါ၏။

ဤဇာတ်လမ်းသည် သုတ္တနိပါတ်၊ ပဓာနသုတ်အရ ဖြစ်လေသည်။ သို့ရာတွင် မာရ်နတ်နှင့် ဘုရားလောင်းစစ်ထိုးပုံသည် နောက်ပေါ်ကျမ်းစာတို့တွင် ကျယ်ပြန့်လာ၏။ ကျယ်ပြန့်လာပုံမှာ....

နေရဉ္ဇရာမြစ်အနီး ဗောဓိညောင်ပင်ရင်း ပလ္လင်ထက်၌ ဘုရားလောင်းသည် တရားအားထုတ်နေ၏။ ထိုအခါ မာရ်

နတ်သည် ဘုရားလောင်းကို နည်းမျိုးစုံဖြင့် တိုက်ခိုက်၏။ ကျောက်ခဲမိုး၊ လက်နက်မိုး၊ ပြာပူမိုး၊ သဲမိုးစသည်ဖြင့် မိုးမျိုးစုံရွာစေ၍ ဘုရားလောင်းကြောက်ရွံ့ကာ ပလ္လင်မှခွာရအောင် အားထုတ်၏။ ထို့ပြင်....

သိဒ္ဓတ္ထမင်းသား ဤပလ္လင်မှထလော့၊ ဤပလ္လင်သည် သင့်အဖို့ ဖြစ်လာသည်မဟုတ်၊

သင့်အဖို့ရောက်လာသည်မဟုတ်၊ ဤပလ္လင်သည် ငါ၏အဖို့သာဖြစ်လာ ရောက်လာသည်။

စသည်ဖြင့် ပြောဆို ခြိမ်းခြောက်လေသည်။

ဘုရားလောင်းသည် အဆွေအမျိုးတို့၏ အစီးအပွား၊ လောက၏ အစီးအပွားအတွက် ဘဝစဉ်ဆက် ပါရမီဖြည့်လာခဲ့သူ ဖြစ်ပေသည်။ အရင့်အရင်ဘဝများကို မဆိုထားဘိ၊ နောက်ဆုံး ဝေဿန္တရာမင်းကြီး ဖြစ်ခဲ့ရစဉ်ကပင် ခုနစ်ကြိမ် ခုနစ်လီ အလှူကြီးပေးခဲ့သည်ကို ဤပထဝီမြေကြီးသည် အသိဖြစ်လေသည်။ ယခုဘဝတွင်လည်း ပါရမီစွမ်းအားကြောင့် ဤပလ္လင်၌ ဘုရားအဖြစ် ရောက်ပေတော့အံ့။

ဘုရားလောင်းသည် ပထဝီမြေကြီး သိကြားစေရန်ဟု

"ဝေဿန္တရာမင်းဖြစ်သည်က ခုနစ်ကြိမ် ခုနစ်လီ ငါအလှူကြီးပေးသောအဖြစ်၌ သင်မြေကြီးသည် သက်သေဟုတ်၏လော မဟုတ်လော"

ဟု တိုင်တည်၍ မြေကြီးသို့ ရှေးရှု လက်ကို ဆန့်လေ၏။

ထိုအခါ မဟာပထဝီမြေကြီးသည်

"ဝေဿန္တရာမင်းဖြစ်စဉ် အလှူပေးသောအခါ၌ ငါသက်သေပင်တည်း"

ဟု မြည်သံပြုလေ၏။ မာရ်နတ်မင်းလည်း ကိုးကွယ်ရာမရ ဂိရိမေခလာဆင်စီး၍ ပြေးလေ၏။

ဤရွှေ ဤမျှကား အဝိဒူရေ နိဒါနကထာနှင့် အပါဒါန် အဋ္ဌကထာကဲ့သို့ အဋ္ဌကထာကျမ်းတို့တွင် လာသော အခန်း ကဏ္ဍ ဖြစ်လေသည်။ ဒုတိယအကြိမ် စကားချပ်ရပေဦးမည်။ သုတ္တနိပါတ်ကဲ့သို့ ပါဠိတော်သည် သံဂါယနာတင်ကျမ်း ဖြစ် လေသည်။ အဝိဒူရေ နိဒါနကထာနှင့် အပါဒါန် အဋ္ဌကထာ ကဲ့သို့ ကျမ်းများမှာမူ သီဟိုဠ်ဖြစ် အဖွင့်ကျမ်းများ ဖြစ်လေ သည်။ ခုတဖန် နောက်ပေါ်ကျမ်းနှစ်ခုကို ထပ်မံ ဖြည့်ရပြန် ဦးမည်။ ထိုကျမ်းများသည် အိန္ဒိယဒေသဖြစ် သင်္သကရိုက် ဘာသာရေး လလိတဝိတ္ထာရကျမ်းနှင့် ကမ္ဘောဇနှင့် ယိုးဒယား ဖြစ် (အေဒီ ၁၈ ရာစု၌ ပါဠိဘာသာဖြင့် ပြုစုသော) ပထမ သမ္ဘောဓိကျမ်း ဖြစ်လေသည်။ ဝတ္ထုဇာတ်လမ်းကို ထိုကျမ်း လာစကားနှင့် ဆက်စပ်ပါမှ ဝသုန္ဓရီနတ်သမီး၏ သရုပ်သကန် ထင်ရှားလာမည် ဖြစ်သည်။

ကြည့်ပါ။ အဝိဒူရေ နိဒါနကထာနှင့် အပါဒါန် အဋ္ဌကထာ တွင် လာသည်အထိ မြေကြီးက သက်သေခံသည်ဟု သာမန် သိရလေသည်။ လလိတဝိတ္ထာရကျမ်းနှင့် ပထမသမ္ဘောဓိကျမ်း တွင် လာသည်မှာကား ဘုရားလောင်း၏ တိုင်တည်ချက်အရ မြေကြီးသည် နတ်သမီး အသွင်ဖြင့် ပေါ် ထွက် လာ သည်။ ထို့ပြင် ဘုရားလောင်း အလှူဒါနပြုခဲ့သည်နှင့်အမျှ ရေစက်ချ သဖြင့် သွန်းဆံပင်သည် ရေစိုရွှဲနေပါလေသည်။ ဝသုန္ဓရီ (ထာ ဝရာ) နတ်သမီးသည်လည်း သက်သေခံသည့် သဘောဖြင့် ဆံပင်ကို ရေညှစ်ပြလေသည်။ ထိုအခါ ချောင်းစီး၍ မာရ် နတ်၏ စစ်သည်တို့လည်း ရေထဲတွင် မျောပါကုန်လေတော့

သည်။ ဣဗ္ဗာတတ်လမ်းအတိုင်း ဝသုန္ဒရီနတ်သမီး ဆံရေညှစ်နေပုံသည် ကမ္ဘောဇနှင့် ယိုးဒယားကျောင်းကန် တချို့တွင် ထုလုပ်လျက်သား ရှိလေသည်။

စပ်မိ၍ ဖော်ပြရသော် လလိတဝိတ္ထာရကျမ်း ပထမ သမ္ဗောဓိကျမ်းနှင့် ဆင်ဆင်တူသော ကျမ်းတကျမ်း သည် မြန်မာဘက်၌လည်း ပေါ်ထွက်ခဲ့လေသည်။ ထိုကျမ်း သည် (၁၈–ရာစု၌) ဒီပဲရင်း ဆရာတော် ပြုစုသော တထာဂတ ဥဒါနဒီပနီကျမ်း ဖြစ်လေသည်။ အချက်တချက် ရှိပါ၏။ ထိုကျမ်းတွင် ဆံရေညှစ်နေသူမှာ နတ်သမီးဟူ၍ မဆို၊ နတ်သားဟူ၍သာ ဆိုလေသည်။ ထို့ပြင် ဝသုန္ဒရီနတ်သမီးရုပ်ထုနှင့်

ဝသုန္ဒရီ။ ချမ်းသာဝတ်ကျောင်း၊ အယုဒ္ဓရ

စပ်၍ စိတ်ဝင်စားဖွယ် နောက်တချက်လည်း ရှိလေသေးသည်။ ထိုအချက်သည် အခြားမဟုတ်။ ၁၇ ရာစု၌ မနောသာရ ဉမင်နံရံတွင် ဝသုန္ဒရီနတ်သမီးရုပ် ရေးထားသည်ကို တောင်ဖီလာ ဆရာတော် (၁၅၇၇–၁၆၅၁ အေဒီ) က မြင်တွေ့၍။

– ကျမ်းဂန်မလာ၊ ဖျက်ဘိ –

ဟု မိန့်ဆိုသဖြင့် ဖျက်လိုက်ရသော အကြောင်းပင် ဖြစ်လေသည်။ ။

စာကိုး

၁။ "ပဓာနသုတ်(သုတ္တနိပါတ်)"၊ **ခုဒ္ဒကပါဠိပါဠိတော် မြန်မာပြန် စာအုပ်**၊ ရန်ကုန်၊ ဗုဒ္ဓသာသနအဖွဲ့၊ ၁၉၆၉၊ စာ ၃၂၂–၃၂၄။

၂။ "အဝိဒူရေနိဒါနကထာ(နိဒါနကထာ)"၊ **ဇာတကဋ္ဌကထာ**။ ရန်ကုန်၊ ဗုဒ္ဓသာသနသာမိတိ၊ ၁၉၅၉။ စာ ၇၆။

၃။ ဒုတိယ မဲထီးဆရာတော်။ **မာလာလင်္ကာရ ဝတ္ထုတော်ကြီး**။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၁။

၄။ ဒီပဲရင်းဆရာတော်။ **တထာဂတ ဥဒါနဒီပနီ**။ ရန်ကုန်၊ ဟံသာဝတီ၊ ပထမတွဲ။

၅။ မုံရွေးဇေတဝန် ဆရာတော်။ **သမန္တစက္ခုဒီပနီကျမ်း**။ ရန်ကုန်၊ ကာယသုခပုံနှိပ်တိုက်၊ ၁၉၆၇။ **ပထမအုပ်**။

၆။ C. Duroiselle, "Wathundaye, the Earth-Goddess of Burma." *Annual Report of the Archaeological Survey of India 1921 - 22* pp. 144 - 146.

၇။ Mary Cummings, *The Lives of the Buddha in the Art & Literature of Asia*. Ann Arbor, Michigan, University of Michigan, 1982.

၁၈။ ဓမ္မစကြာ

သမိုင်းမတိုင်မီခေတ်၌ လူတို့၏ လုပ်ငန်းကိုင်ငန်းအတွက် ကြီးစွာအထောက်အပံ့ပြုခဲ့သော ပစ္စည်းတခုသည် ဘီးပင် ဖြစ်လေသည်။ ရှေးလူတို့သည် စောစောက ခြေလျင်သာ သွားလာကြရသည်။ ပစ္စည်းကို မိမိခွန်အားသက်သက်ဖြင့်သာ သယ်ယူကြသည်။ လယ်သမားအတတ် တတ်ကျွမ်းလာ၍ ဘီးကို ဖန်တီးလိုက်သောအခါ သူတို့၏ လူနေမှုအဆင့်အတန်းသည် တဟုန်တိုးတက်သွားလေသည်။ ထိုဘီးကိုမှီ၍ လှည်းများ၊ ရထားများ၊ အခြားယာဉ်များ ပေါ်ပေါက်သောအခါ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေးသည် အလွန်ထိရောက်လာခဲ့လေသည်။

ဘီး၏အသုံးဝင်ပုံကို ဦးဦးဖျားဖျား သဘောပေါက်သူများတွင် ရှေးအာရိယန်လူမျိုးများ ပါဝင်လေသည်။ သူတို့၏ ဘာသာရေးတေးကဗျာ ဝေဒကျမ်းများတွင် ဘီးတပ်ရထားအမျိုးမျိုးအကြောင်းကို ဖော်ပြတတ်လေသည်။ ထို့ပြင် သူတို့သည် လေးကျွန်းပိုင် စကြာဝတေးမင်း (စက္ကဝတ္တိ) ၏ အကြောင်းခြင်းရာကို ဤသို့ဆိုတတ်ကြလေသည်။

စကြာဝတေးမင်းသည် ဘီး (ဝါ) စကြာရတနာကို ပိုင်ဆိုင်သည်ဖြစ်၍ မိမိရောက်လိုရာအရပ်သို့ ဆုတောင်းလိုက်သည်ဆိုအံ့။ (ဘီး) စကြာရတနာသည် ဆုတောင်းရာသို့ လည်၍

အသောကကျောက်တိုင်။ ဘီစီ ၃ ရာစု၊ မိဂဒါဝုန်

သွားလိမ့်မည်။ ထိုမင်းသည်လည်း စစ်အင်္ဂါလေးပါးနှင့်တကွ တပါတည်း လိုက်ပါလျက်သွား ဖြစ်လေသည်။ ဤသို့ဖြင့် စကြာရတနာဆိုက်ရောက်ရာသို့ ဩဇာအာဏာပြန့်ကာ လေးကျွန်းကို အစိုးရသော ရန်အပေါင်းကိုအောင်မြင်သော အဖြစ်သို့ ရောက်လေသည်။

ထိုအခါ (ဘီး) စကြာသည် ယာဉ်သက်သက်အနက်မှ ကျော်၍ ဩဇာအာဏာ ပျံ့နှံ့သည့်သဘောလည်း ဆောင်လာခဲ့လေသည်။

မဇ္ဈိမဒေသသည် ဗုဒ္ဓပွင့်တော်မူ၍ မိဂဒါဝုန်သမင်တောတွင် ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောခဲ့လေသည်။ ထိုတရားသည် ဓမ္မစကြာ (ဓမ္မစက္ကသုတ္တန်) ဟူ၍ ခေါ်တွင်လေသည်။ ထိုတရားပျံ့နှံ့၍ အာရိယန်အများအပြားလည်း ဗုဒ္ဓအဆုံးအမ၊ ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်လာခဲ့ကြသည်။

ထိုအခါ ဗုဒ္ဓတရားဦးဟောသည့် အထိမ်းအမှတ်အဖြစ်ဖြင့် ဗုဒ္ဓဘာသာဝင်များသည် သာသနိကအဆောက်အအုံများ၌ စကြာရတနာပုံ ထည့်တတ်ကြလေသည်။ ဘီစီ ၃ ရာစု၌ အသောကမင်းသည် ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီးသည့်နောက် မိဂဒါဝုန်သို့ ရောက်လာခဲ့လေသည်။ ထို့နောက် အထိမ်းအမှတ်အဖြစ် ကျောက်တိုင်စိုက်ထူလေသည်။ ထိုကျောက်တိုင်ထိပ်၌ ခြင်္သေ့ရုပ်နှင့် ကြာမှောက် ပါလေသည်။ ထိုနှစ်ခု အကြားတွင် ဓမ္မစကြာရတနာ လေးခုပတ်လျက် ဆင်ယင်ထားလေသည်။ သာသနိကပစ္စည်းတွင် စကြာရတနာ ပါပုံပါနည်းသည် ရံဖန်ရံခါ ဒေသလိုက်၍ ပုံသဏ္ဌာန်အနည်းအများ ကွဲပြားခြားနားလေသည်။

ဘာရဟုတ်၊ ဆန်ချီ၊ မထုရာဒေသ (အိန္ဒိယ) ဘက်၌ စကြာရတနာချည်းသက်သက် ရှိတတ်လေသည်။ အမရာဝတီ (အိန္ဒိယ) ဘက်၌ ခြေတော်ရာအလယ်တွင် ရှိတတ်လေသည်။ ကမ္ဘောဇဘက်၌ လက်ဝါးပေါ်တွင် ရှိတတ်လေသည်။ တရုတ်၊ ဂျပန်ဘက်၌ ကြာပန်းပေါ်တွင် ရှိတတ်လေသည်။ တိဗက်၌ သမင်နှစ်ကောင်ခြံရံလျက် ရှိတတ်လေသည်။ မော်ဇာ၊ ညောင်နီပင်ကုန်း အဂ်ခတချပ်၌ ဗုဒ္ဓရုပ်ပွားတော်နှင့်တကွ သမင်နှစ်ကောင် ခြံရံထားလျက် ရှိလေသည်။ ။

စာကိုး

၁။ ဦးတင်လှိုင်၊ "ဓမ္မစက္ကဟူသော ဝေါဟာရ၏အနက်နှင့်သဘော"၊ **မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်။** တွဲ ၅၀၊ ပိုင်း ၂ (ဒီဇင်ဘာ ၁၉၆၇)၊ စာ ၂၀၉-၃၂၅။

၂။ "စက္ကဝတ္တိသုတ်"၊ **ပါထိကဝဂ်ပါဠိတော် မြန်မာပြန်။** ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၆၆။ စာ ၄၉-၆၉။

၃။ "ဓမ္မစကြာသုတ်"၊ **ဝိနည်းပိဋကတ် မဟာဝဂ်ပါဠိတော် မြန်မာပြန်။** ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၇။ စာ ၁၅-၁၀။

၄။ Ananda K. Coomaraswamy, *Elements of Buddhist Iconography*. Cambridge, Mass. Harvard University Press, 1935.

၅။ Jeannine Auboyer et al, *Oriental Art: a Handbook of Styles & Forms*. London, Faber & Faber, 1979.

၆။ U Aung Thaw, *Historical Sites in Burma.* Rangoon, Ministry of Union Culture, 1972.

၁၉။ အမိမြန်မာပြည်

အမိမြန်မာဟူသော ပေါင်းစပ်နာမ်သည် အင်္ဂလိပ်ကိုလိုနီခေတ်ပေါ် ဝေါဟာရသစ် ဖြစ်လေသည်။ တဖန် အမိမြန်မာပြည်ရုပ်ပုံသည် အင်္ဂလိပ်စာတတ် ဝံသာနုများက ဖန်တီးလိုက်သော ရုပ်ပုံဟု ဆိုနိုင်လေသည်။ ဇာတ်ကြောင်းပြန်ပါအံ့။

ကုန်းဘောင်ခေတ်နှောင်း မြန်မာတို့သည် ဤရေမြေကို မြန်မာနိုင်ငံတော်၊ မြန်မာပြည် စသည်ဖြင့် အထူးဝိသေသမပါ ဗလာရှင်းရှင်း ခေါ်ဝေါ်တတ်လေသည်။ ဥဒေါင်းရုပ်အလံကိုလည်း နိုင်ငံလုံးဆိုင်ရာ (အမျိုးသား) အလံအဖြစ် သုံးစွဲခဲ့ကြသည်။

၁၈၈၅ ခုနှစ်တွင် မြန်မာသည် အင်္ဂလိပ်နှင့် တတိယအကြိမ်စစ်ဖြစ်၍ လွတ်လပ်ရေးဆုံးရှုံးရလေသည်။ ထိုအခါ အင်္ဂလိပ်အစိုးရသည် အိန္ဒိယအင်ပိုင်ရာ တိုင်းနိုင်ငံထဲသို့ မြန်မာကို ပြည်နယ်တခုအဖြစ် သွတ်သွင်း၍ (၁၉၃၇ ခုနှစ်အထိ) အုပ်ချုပ်လေသည်။ အုပ်ချုပ်ရေးစနစ်ကား ပြည်သူကိုယ်စားမပြုသော အရာရှိ ဗျူရိုကရက်ပုံစံ စနစ်ပေတည်း။

မြန်မာတို့သည် စောစောက အင်္ဂလိပ်ကို လက်နက်ကိုင်ဆန့်တော်လှန်ကြပါ၏။ သို့ရာတွင် အရေးမလှ။ ထိုအခါ မြန်မာဝံသာနု မျိုးချစ်တို့သည် အမျိုးဘာသာ သာသနာ ပညာတိုးတက်ရေးကို အနုနည်းဖြင့် ကြိုးပမ်းလာကြလေသည်။

ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းကဲ့သို့ အသင်းအဖွဲ့ ထူထောင်၍ တိုင်းရင်းဖြစ် ပစ္စည်းသုံးစွဲရေး၊ လက်မှုပညာ လယ်ယာစိုက်ပျိုးရေးပညာ ထွန်းကားရေး၊ မူလ တန်းပညာ မသင်မနေရ ဖြစ်မြောက်ရေးကျောင်းများ၌ ဗုဒ္ဓ ဘာသာ သင်ခန်းစာသင်ကြားရေး၊ ကဆုန်လပြည့်နေ့ ရုံးပိတ် ရေး၊ ဘုရားပွဲ ဆွမ်းတော်ကြီးပွဲတို့တွင် စရိတ်ကျဉ်းကျဉ်းနှင့် ကုသိုလ်ပွားအောင် ဆောင်ရွက်ရေး၊ ဇာတ်ပွဲများ၌ ရှုန့်ကြမ်း သော အပြောအဆို ရပ်စဲရေး၊ အရက်သေစာ ရှောင်ကြဉ်ရေး စသော လူမှုရေး၊ ပညာရေးကိစ္စရပ်များကို ဒေါင်းအလံ တလူ လူနှင့် မလျှော့ထိုး အစည်းအဝေးကျင်းပ၍လည်းကောင်း၊ ဝိုင် အမ်ဘီအေ၏ အာဘော်ဖြစ်သော သူရိယသတင်းစာနှင့် သူရိ ယ မဂ္ဂဇင်းမှ ခေါင်းကြီးဆောင်းပါးရေး၍ လည်းကောင်း ပြည်သူနှင့် အစိုးရအား တိုက်တွန်းနှိုးဆော်ကြလေသည်။

ထို့နောက် မြန်မာဝံသာနု လှုပ်ရှားမှုသည် တဆင့်တိုးကာ နိုင်ငံရေးအသွင် ဝင်လာခဲ့လေသည်။ ဝင်လာပုံမှာ ကမ္ဘာစစ် ကြီး (၁၉၁၄–၁၉၁၈) အတွင်း၌ အိန္ဒိယဆိုင်ရာ အင်္ဂလိပ်ဝန် ကြီး မွန်တေဂူက အိန္ဒိယနိုင်ငံအား ဗြိတိသျှအင်ပိုင်ရာအတွင်း ဟုန်းမရူး ကိုယ်ပိုင်အုပ်ချုပ်ရေး ရသည်အထိ တစတစ အုပ် ချုပ်ရေး တိုးတက်ပေးသွားမည်ဟု ကြေငြာလေသည်။ ထို ကြေငြာချက်ကို မြန်မာဝံသာနုများက ဖတ်ရှုအားတက်လေ သည်။ သို့ရာတွင် အိန္ဒိယနှင့်တွဲ၍ ဟုန်းမရူးမလိုချင်။ အိန္ဒိယ ၏ လောင်းရိပ်မိမည်ကို စိုးရိမ်လေသည်။ အိန္ဒိယမှခွဲထွက်၍ အင်္ဂလန်က တိုက်ရိုက်အုပ်ချုပ်စေရန်သာ ဆန္ဒရှိလေသည်။ ထိုအခါသမယတွင် အင်္ဂလိပ်ဝန်ကြီး မွန်တေဂူသည် အိန္ဒိယသို့ လာရောက်၍ အိန္ဒိယဘုရင်ခံချုပ်နှင့်အတူ အရပ်ရပ်လှည့်လည်

ပြီး အိန္ဒိယသားတို့၏ဆန္ဒကို စုံစမ်းလေသည်။ ဝိုင်အမ်ဘီအေနှင့် အခြားအသင်းများကလည်း အိန္ဒိယသို့ ကိုယ်စားလှယ်စေလွှတ်၍ မြန်မာ့ဆန္ဒ တင်ပြလေသည်။

ထိုသဘောကို ၁၉၁၇ ခုနှစ် ဒီဇင်ဘာလထုတ် သူရိယမဂ္ဂဇင်းတွင် ရွှေတလေးရေးဆွဲသော ကာတွန်းရုပ်ပုံ၌ တွေ့နိုင်လေသည်။ ထိုကာတွန်းမှာ အင်္ဂလိပ်ထံ အိန္ဒိယနှင့်မြန်မာတို့က မိမိတို့လိုရာ တောင်းခံနေပုံ ဖြစ်လေသည်။

၎င်းတွင် ကာတွန်းဆရာက အင်္ဂလန်ပြည်ကို အင်္ဂလိပ်အစဉ်အလာဓလေ့အတိုင်း ရုပ်လုံးဖော်လေသည်။ ရှင်းရပေဦးမည်။

အင်္ဂလိပ်တို့သည် ရှေးပဝေဏီကတည်းက မိမိတို့နိုင်ငံကို ဂုဏ်ထိလိုင်အဖြစ် တင်စား၍ ဗြိတိန်နီးယား (Britannia) ဟုလက်တင်ဘာသာဖြင့် ခေါ်ဝေါ်လေသည်။ ထိုဗြိတိန်နီးယားပုံသဏ္ဌာန်သည်ကား ဦးခေါင်းတွင် သံခမောက်ဆောင်းကာလက်တဘက်တွင် တြိသူလချွန်းတောင်းကိုင်၍လည်းကောင်း၊ အခြားလက်တဘက်တွင် ဒိုင်းကိုင်၍လည်းကောင်း မတ်တတ်ရပ်နေသော အမျိုးသမီးစစ်သည် ဖြစ်လေသည်။ ထိုဗြိတိန်နီးယားနှင့် စပ်၍လည်း....

Rule Britannia, Rule The Waves (ပင်လယ်ရပ်ခြားကို စိုးမိုးပိုင်သ ဗြိတိန်နီးယားသခင်မ) စသည်ဖြင့် တေးသီချင်း ဖွဲ့ဆိုထားလေသည်။

ကာတွန်းဆရာရွှေတလေးသည် ဗြိတိန်နီးယား၏ သဘောအဓိပ္ပာယ်ကို နားလည်လေသည်။ တဖန် ဗြိတိန်နီးယားထံ မိမိတို့ဆန္ဒ တင်ပြနေသော အိန္ဒိယနှင့် မြန်မာတို့ကို အမျိုးသမီးအဖြစ် ဖန်တီးလာလေသည်။



သူရိယမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၁၇။

ကာတွန်းရုပ်ပုံကို ကြည့်ပါလေ။ ထိုကာတွန်း၌ အိန္ဒိယနှင့် မြန်မာမြေပုံကို အောက်ခံပြု ဗြိတိန်နီးယားကို အလယ်တွင်ထား၍ အိန္ဒိယအမျိုးသမီးနှင့် မြန်မာအမျိုးသမီးတို့က ဘေးတဘက်တချက်မှ ဝန်းရံနေပုံ ရေးဆွဲထားသည်။ ကာတွန်းပုံအောက်တွင်လည်း အိန္ဒိယ၊ ဗြိတိန်နီးယား၊ မြန်မာဟူ၍ အင်္ဂလိပ်မြန်မာ နှစ်ဘာသာ စာပါလေသည်။

တဖန် ဗြိတိန်နီးယားရုပ်ပုံတွင် ပါရိုးပါစဉ့် လက်နက် ကိုရိုယာအပြင် ဒိုင်းပေါ်၌ ယူနီယံဂျက်အလံပုံစံ ထပ်ဖြည့်ထားလေသည်။ မြန်မာအမျိုးသမီးမှာမူ မကိုင်ရှုစည်းပုံဆောင်း၍ ထဘီနှင့် ထိုင်မသိမ်းအင်္ကျီ ဆင်ယင်ကာ ဒူးတုပ်တောင်းပန်နေဟန် အမူအရာရှိလေသည်။

ထိုပုံသုံးခုနှင့် ပူးတွဲပါရှိသော စာကြောင်းကား အောက်ပါအတိုင်းပင်။

Home Rule or Indian Rule

ကုလားပြော။ ။ အားငယ်သော တိုင်းပြည်နှင့် လူမျိုးတို့၏ ကိုးကွယ်ရာဖြစ်သော အရှင်အင်္ဂလိပ်အစိုးရက ကျွန်တော်မတို့ကို "ဟုန်းမရူး" ပေးမတော်မူပါ။ မြန်မာပြည်ကိုလည်း ကျွန်တော်မျိုးမတို့နဲ့ ခွဲတော်မူပါနဲ့။

မြန်မာပြော ။ ။ အိုမိခင်နှင့် တူသော အရှင် အင်္ဂလိပ်အစိုးရ။ အိန္ဒိယကုလားများ၏ အုပ်စိုးခြင်းမှ ကင်းလွတ်ရန် မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်၍ ဘိလပ်က တိုက်ရိုက် အုပ်ချုပ်တော်မူပါ။

INDIAN – Oh, Britannia, Thou Defender of Weak Nations & States : Give Us Home Rule

BURMESE – Oh, Britannia, Save Us From Indian Home Rule & Give Us Direct British Rule

ဗြိတိသျှ–အိန္ဒိယ–မြန်မာ သုံးဘာသာတေးထပ်

အားငယ်သူ အမျိုးသားရယ်တို့၊ ကိုးစားဖွယ်အမှန်၊
တန်ခိုးအားရှင်လျှို့သည်၊ အင်္ဂလန်မယ်ဘွား။
အိန္ဒိယ ပြုံးမြူးချိုအောင်၊ "ဟုန်းမရူးကို ပေးပါ
ဘုရား"။ မြန်မာနှင့် ၂ တဲ့ဟာကို၊ ခွဲပါနှင့် နောက်
များ။ မဲ့မြန်မာ အောက်ပြားဖို့၊ လျှောက်ထားတဲ့
ဆင်ခြေ။ မြန်မာသူပဏ္ဏာသရပါတော့၊ ဂါရဝခွန်းဆက်
တင်ချေ။ ကုလားက အုပ်စိုးနေလျှင်၊ ကျိုးယုတ်တွေ
ပြီးမသတ်မှာကြောင့်၊ ဘိလပ်မှ စိုးချုပ်မိုးဖွယ်၊ မိုး
အုပ်ထီးနှယ်၊ မျိုးမြန်မာ သမီးငယ်ကို၊ ကြီးလွှယ်
အောင် မေ့ပါဖျော့လေး။

ဤသည်မှာ မြန်မာပြည်ကို အမျိုးသမီးရုပ်ပုံဖြင့် စတင်ဖော်ပြသည့် သာဓကပင် ဖြစ်တော့သည်။ ထိုအမျိုးသမီးနှင့် စပ်၍ **အမိမြန်မာပြည်**ဟူသော ဝေါဟာရ သုံးလာပုံကို ပြရပေဦးမည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ဝိုင်အမ်ဘီအေသည် အိန္ဒိယသို့ ကိုယ်စားလှယ်စေလွှတ်၍ မြန်မာ့ဆန္ဒ တင်ပြခဲ့လေသည်။ တင်သာ တင်ပြခဲ့ရသည်။ မကြာမီ ထုတ်ပြန်လိုက်သော အုပ်ချုပ်မှု စီမံရေးအဖွဲ့၏ အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ အကြောင်းအရာသာ ထည့်သွင်း၍ မြန်မာကိုကား

ချုန်လှပ်ထားခဲ့ပါလေသည်။ အကြောင်းပြချက်မှာ မြန်မာသည် အိန္ဒိယမဟုတ်သဖြင့် တသီးတခြား စဉ်းစားရမည်ဟူ၏။ ထို့ကြောင့် ဝိုင်အမ်ဘီအေသည် ကိုယ်စားလှယ်သုံးဦး ရွေးချယ်၍ အင်္ဂလန်သို့ အရေးဆိုရန် စေလွှတ်ရပြန်သည်။ သူရိယသတင်းစာမှလည်း ဤအကြောင်းကို အကျယ်တဝင့် ဖော်ပြ၍ ပြည်သူတို့ကို လှုံ့ဆော်စည်းရုံးလေသည်။ သူရိယ၏ ပင်တိုင် ဆောင်းပါးရှင်ဖြစ်သော မစ္စတာ မောင်မှိုင်းကလည်း လူနားဝင်အောင် စကားဖန်တလှည့်၊ ကဗျာလေးချိုးတလှည့် သုံး၍ ထောက်ခံရေးသားလေသည်။ ထိုမစ္စတာမောင်မှိုင်း၏ စာများသည် **ဒေါင်းဋီကာသစ်** အမည်နှင့် လုံးချင်းစာအုပ်အဖြစ် ၁၉၁၉ ခုနှစ်တွင် ထွက်ပေါ်လာ၏။

ထိုဒေါင်းဋီကာသစ် စာအုပ်တနေရာတွင်ကား

> **အမိမြန်မာပြည်**ကြီးအတွက် လိုအပ်သော အချက်အလက်တို့ကို ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ ထောက်ခံ၍ လျှောက်ရန် တင်ရန် အင်္ဂလန်နန်းမြေသို့ မြန်းလေသူများတည်းဟူသော (၁)ဦးဘဖေ (၂)ဦးပု (၃)ဦးထွန်းရှိန် ဟူ၍ ပါလေသည်။ ထိုမစ္စတာမောင်မှိုင်းပင်လျှင် **အမိမြန်မာပြည်** ဟူသော ဝေါဟာရအပြင် **ဒေါင်းမိခင်** ဟူ၍လည်း တင်စားခေါ်ဝေါ်တတ်သေးလေသည်ဖြစ်၏။

အမိမြန်မာပြည် ဝေါဟာရသည် ပြည်သူတို့ နှုတ်ဖျားတွင်လည်းကောင်း၊ သတင်းစာ ဂျာနယ်များတွင် လည်းကောင်း တစတစ အသုံးတွင်လာလေသည်။ တွင်လာရခြင်းအကြောင်းတခုမှာ နိုင်ငံရေးစင်မြင့်၌ ဇန်းတင်ခဲ့သောကြောင့်ဟု ဆိုနိုင်လေသည်။

မြန်မာ့ နိုင်ငံရေးကား အရှိန် ရခဲ့ပြီ။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလထဲတွင် ကျင်းပသော အဋ္ဌမအကြိမ်မြောက် ဝိုင်အမ်ဘီအေ နှစ်ပတ်လည်အစည်းအဝေး၌ ဝိုင်အမ်ဘီအေ အရေးကိစ္စများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက် နိုင်ရအောင် ဂျီ စီ ဘီ အေ မြန်မာအသင်းချုပ်ကြီးအဖြစ် ပြောင်းလဲရန် ဆုံးဖြတ်ခဲ့လေသည်။

ဆုံးဖြတ်ချက်ချ၍မကြာမီ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (ဒီဇင်ဘာလ ၅ ရက်) နေ့တွင် ရန်ကုန်ကောလိပ် နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် ရန်ကုန် ယူနီ ဘာစီတီ (တက္ကသိုလ်) ဥပဒေကို သပိတ်မှောက်ကြလေ သည်။ ထိုသပိတ်ကိုထောက်ခံ၍ နိုင်ငံတဝန်းလုံးရှိ အစိုးရနှင့် အခြား အလယ်တန်း အထက်တန်း ကျောင်းသားများလည်း လိုက် သပိတ်မှောက်ကြပြန်သည်။

ထိုသပိတ်ကို ဂျီ စီ ဘီ အေ က ပြည်သူနှင့်အတူ ဝိုင်းဝန်း အားပေး၏။ ထိုမျှမကသေး၊ သပိတ်မှောက် ကျောင်းသား များအဖို့ ပညာသင်ကြားရေး မပျက်ပြားရအောင်လည်း ကောင်း၊ ပညာရေးမူသစ် ချပေးနိုင်ရအောင်လည်းကောင်း အမျိုးသားပညာရေးအဖွဲ့ချုပ်ဖွဲ့စည်းကာ ကျောင်းသားများ အား စာမေးပွဲစစ်ပေး၏။ ထို့ပြင် အစိုးရကျောင်းများနှင့် အပြိုင် နေရှင်နယ် အမျိုးသား ကျောင်းများကို သပိတ် မှောက်ကျောင်းသားကြီးများ၏ အကူအညီဖြင့် နိုင်ငံအနှံ့ ထူထောင်၏။

ထိုသပိတ်သည် ပညာရေးနှင့်သာ သက်ဆိုင်ဟန်ရှိသော် လည်း တကယ်တမ်းအားဖြင့် အစိုးရဖိနှိပ်မှုကို အန်တုလိုက် သည့် နိုင်ငံရေးသဘောဆောင်လေသည်။ တနည်းဆိုရသော်

ပြည်သူတို့အား အမျိုးမာန် နှိုးဆွပေးလိုက်ခြင်း မည်လေသည်။ ထို့ကြောင့် ပြည်သူတို့ စုံစုံညီညီ တက်ရောက်သော နဝမအကြိမ်မြောက် ဂျီ စီ ဘီ အေ အစည်းအဝေးကြီးက တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်နေ့ကို နေရှင်နယ်ဒေး အမျိုးသား အောင်ပွဲနေ့ဟူ၍ အဆိုတင်သွင်း စဉ်းစားကာ ၁၉၂၂ ခုနှစ်တွင် အပြီးသတ်ပြဋ္ဌာန်းပေးခဲ့လေသည်။

အမိမြန်မာပြည် ဝေါဟာရကို ပြန်ကောက်ရပေဦးမည်။ နဝမအကြိမ်မြောက် ဂျီ စီ ဘီ အေ အစည်းအဝေးကြီးကို ၁၉၂၁ ခုနှစ် အောက်တိုဘာလထဲတွင် မန္တလေးမြို့ တာရဲတန်း ရပ်'ငါဟဲ့'ဆန်စက်ဝင်းအတွင်း၌ ကျင်းပခဲ့ရာ ပရိသတ်ဝက်ဝက်ကွဲ စည်ကားလှပေ၏။ အရပ်ရပ်မှ ကိုယ်စားလှယ်များအပါအဝင် လူတသိန်းကျော်တက်သည်ဟူ၍ပင် အဆိုရှိလေသည်။ ထိုပရိသတ်အလယ်၌ မြန်မာဝန်စုမှူးဟောင်းဖြစ်သူ 'ဒိပဲရင်းဝန်ထောက် ဦးမြဲ' က သဘာပတိအဖြစ် အဖွင့်မိန့်ခွန်း ပြောလေသည်။ ဦးမြဲက အင်္ဂလိပ်အစိုးရသည် မြန်မာ့စီးပွားရေးအပေါ် အနိုင်ကျင့်၊ ဘာသာရေးတွင် စော်ကား၊ မြန်မာလူမျိုးကို အောက်တန်းချထားသည်။ ထို့ကြောင့် လွတ်လပ်ရေး (ဟုန်းမရှူး) ရအောင် မိမိတို့စွမ်းအားရှိသမျှ ကြိုးပမ်းကြရမည် စသည်ဖြင့် ၄၅ မိနစ်ခန့် ပြောဆိုသွားရာ အမိမြန်မာပြည် ဝေါဟာရကို ထည့်သွင်းသုံးခဲ့လေသည်။

အမိမြန်မာပြည်ရုပ်ပုံ တခမ်းတနား သုံးစွဲလာပုံမှာကား အမျိုးသား အောင်ပွဲနေ့ နှစ်ပတ်လည်နှင့် ဆိုင်လေသည်။ ပထမဆုံး နှစ်ပတ်လည် အခမ်းအနားကို ၁၉၂၂ ခုနှစ်တွင် အမျိုးသား ကျောင်းများက ဦးစီး၍ ကျင်းပခဲ့လေသည်။ အစီအစဉ်မှာမူ ဆရာများ၊ ကျောင်းသားများ၊ အသီးအမှုတ်

ဝိုင်းများသည် ထိုနေ့နံနက် စောစောအချိန်၌ ကျောင်းဝင်း အတွင်း စုဝေးကြသည်။ ထို့နောက် –

မိမြန်မာအကျိုးများစေဖို့
ကြိုးစားမယ့်ကျောင်းတွေ၊
ဘယ်ခေတ်ရာဇဝင်မှ
မြန်မာတွင်မကြုံဖူးအောင်
ထူးတဲ့အခြေ။
မြန်မအော၊ ခန့်ခန့်ဂုဏ်သရေနှင့်
စုံပစေ၊ သားတွေကြိုးမယ်
မိုးကြယ်မှိုလား။

စသည်ဖြင့် သူတို့တတွေသီဆိုကာ စည်တော်ရှမ်းလေသည်။ ထို့နောက် ဒေါင်းအလံနှင့် အမျိုးသားအောင်ပွဲနေ့ စာတန်း ကြီးကို ကိုင်ဆောင်၍ မြို့ရွာရှိ သတ်မှတ်ထားသော လမ်း တလျှောက် လှည့်လည်ပြီး ဘုရားပေါ် တက်ကြလေသည်။ ဘုရားရင်ပြင်ရောက်သော်ကား သစ္စာအဓိဋ္ဌာန် ပြုကြတော့ သည်။ ထိုစိတန်းလှည့်လည်ကြသူများကို ပြည်သူတို့ကလည်း အားပေးကြပါ၏။ သူတို့သည် လမ်းဘေးမှနေ၍ သပြေပန်း ကမ်းလှမ်းခြင်း၊ အကျွေးအမွေးဖြင့် ညှော့ခံခြင်းအမှု ပြုလေ့ သည်။ ဤတွင် အမိမြန်မာပြည်ရပ်ပုံသည် ၁၉၂၆ ခုနှစ်မှစ၍ ရန်ကုန်မြို့မ အမျိုးသားကျောင်းက ဦးစီး လှည့်လည်သည့် အောင်ပွဲ၌ စတင်ပါလာခဲ့လေသည်။ နောင်နှစ် နောင်နှစ် များတွင်ကား အမိမြန်မာပြည်ရုပ်ပုံသည် မြို့ရွာအသီးသီးက ကျင်းပသော အောင်ပွဲနေ့ အခမ်းအနားသို့ ပျံ့နှံ့သွားလေ တော့သည်။ ထိုအခါ အဆိုအကအဖွဲ့တွေ၊ ယိမ်းတွေတိုးလာ

၏။ ထို့ပြင် အမိမြန်မာပြည်ရုပ်ပုံဟူ၍ ကျောင်းသားကျောင်းသူ တဦးဦးက မကိုဋ်စည်းပုံဆောင်း၊ ထိုင်မသိမ်းအင်္ကျီဆင်ယင်ကာ ထီးတည်းဖြစ်စေ၊ ဒေါင်းမြီးဖားဖားကိုင်လျက်ဖြစ်စေ၊ ပန်းရထားအပေါ်၊ ဒေါင်းရုပ် မော်တော်ကားအပေါ် ထိုင်လိုက်ရ၏။ မြန်မာသတင်းစာ ဂျာနယ်များကလည်း အမြို့မြို့အရွာရွာတွင် ကျင်းပသော အောင်ပွဲနေ့ အခမ်းအနားသတင်းနှင့်ဓာတ်ပုံကို စုံစုံလင်လင် ထည့်သွင်းဖော်ပြကြလေသည်။

ဤသို့ အမိမြန်မာပြည်ဝါဟာရနှင့် ရုပ်ပုံတို့ ခေတ်စားလာကြသည့်တွင် သက်ဆိုင်သူတို့က အကြောင်းသင့်သလို သုံးစွဲလာကြလေသည်။ ပုံစံပြရသော် –

အဆိုကျော် စိန်ဂျွန်း ခင်မေသည်

ဆုတောင်းပါသလေ၊ အမိမြန်မာပြည်
သမ္မတနိုင်ငံဖြစ်ပါစေ –

စသည်ဖြင့် သီဆိုခဲ့လေသည်။

ဘားမယ်ကျော်သည် (ဦးအောင်မောင်းအဖွဲ့နှင့်တွဲစဉ်က) အမိမြန်မာပြည်အဝတ်ဆင်ယင်၍ စည်းပုံဆောင်း၊ ပဝါစနစ်စချပြီး ကခဲ့လေသည်။

စာရေးဆရာ မဟာဆွေသည် မြန်မာပြည်ကို ဒေါ်မာမာဟူ၍ လည်းကောင်း၊ အင်္ဂလန်ပြည်ကို ဦးအင်းဟူ၍လည်းကောင်း တင်စားကာ **ဒို့မေမေ** ဝတ္ထု ရေးခဲ့လေသည်။

စာဆို မင်းသုဝဏ်သည် ဘိလပ်၌ စာသင်စဉ်က မြန်မာပြည်ကို သတိတရနှင့်–

မိမြန်မာ
နေရပ်ကို ငါခွာလို့
တရပ်ရွာ တမြေခြားမှာလ
ဖဝါးယာဉ်သာပြုပါလို့
ရှာစုသည် နို့ချိုဖိုးပါပဲ –

စသည်ဖြင့် ဝါကျွတ်ကန်တော့ပန်း သံချိုကဗျာ ပေးပို့ခဲ့လေသည်။

ဤသည်မှာ မြန်မာပြည်ကို
(က) ဂုဏ်တော်ကြီးလိုင်အဖြစ် တင်စားခဲ့ခြင်း
(ခ) အမိအဖြစ် တင်စားခဲ့ခြင်း

သဘောနှင့် သရုပ်ဖြစ်ပါသတည်း။ ။

Return To Main Page